# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## ဝီရိယကို မြဲမြံစွာအားထုတ်

ပျင်းရိသည်ဖြစ်၍ ဝီရိယမရှိဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်နေရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက်မျှအသက်ရှည်ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၂)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် ၂၀၂၆ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်၊ တနင်္ဂနွေနေ့ အတွဲ(၆၅)၊ အမှတ်(၃၅၇)






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်များမှ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

## တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်များမှ အရာရှိ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် စက်တင်ဘာ ၂၆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် သန်လျင်တပ်နယ်နှင့် ဒလတပ်နယ်များမှ အရာရှိ စစ်သည်၊ မိသားစုများအား သန်လျင်တပ်နယ်ခန်းမ၌ တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❑

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ဖလမ်းမြို့ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

ဖလမ်း စက်တင်ဘာ ၂၆

ဖလမ်းမြို့တွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်နည်းတူ မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာစုပေါင်းအဖွဲ့များသည် အပတ်စဉ် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းက ဖလမ်းမြို့ ကျင်မွှာလ်ရပ်ကွက် ဗန်ကာအို လမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှု၊ တောင်ဇလပ်လမ်းတစ်လျှောက်ရှိ အမှိုက်သရိုက်များ ရှင်းလင်းနေမှု၊ ရန်ပြေမာန်ပြေနိုင်ငံအေး

စာမျက်နှာ ၄ ကော်လံ ၁ ✻

## အမြင့်ဆုံး နေ့အပူချိန်များ (၂၆ - ၉ - ၂၀၂၆)

| | | |
|---|---|---|
| ချောက်မြို့ | ၃၈ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူမြို့ | ၃၈ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မကွေးမြို့ | ၃၇ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်းမြို့ | ၃၇ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်းမြို့ | ၃၇ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |

### ယနေ့ ဖတ် ၈ ရာ

**ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တု နည်းပညာသုံးကြစို့**

ဆောင်းပါး ◆ စာ ◆ ၆

**ခွေးရူးရောဂါအန္တရာယ် သတိပြုကာကွယ်**

ဆောင်းပါး ◆ စာ ◆ ၁၀

**အနောက်တိုင်းဆေး ရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်**

ပြည်တွင်းသတင်း ◆ စာ ◆ ၁၂

**ကပ်ရောဂါခြိမ်းခြောက်မှုများကို ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းဆောင်ရွက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် တိုက်တွန်း**

နိုင်ငံတကာသတင်း ◆ စာ ◆ ၁၄

## နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်နေပြီး တိုက် ၂၉၃ လုံး (၄၆၆၈ ခန်း)ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၂၆

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးသွားသော ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ဝန်ထမ်းအိမ်ရာအသစ်များ တည်ဆောက်မှုအနေဖြင့် ဓနသိဒ္ဓိရပ်ကွက်တွင် အရာထမ်းကြီးအိမ်ရာ အဆောက်အအုံ နှစ်လုံး (၁၂)ခန်း၊

စာမျက်နှာ ၈ ကော်လံ ၁ ✪





## အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံတွင် အတွဲ(၁၀၀)ပြည့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုအောင်မြင်

နေပြည်တော် စက်တင်ဘာ ၂၆

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်အပြင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများကို တစ်ဖက်တစ်လမ်းမှ ကူညီထမ်းဆောင်လျက်ရှိရာ ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များအနက် ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လိုအပ်သောနေရာများတွင် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။


စာမျက်နှာ ၄ ကော်လံ ၁ ■

## စက်တင်ဘာ ၃၀ ရက်အတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၂၆

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့် လည်းကောင်း၊ ထိုင်းနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ စက်တင်ဘာ ၃၀ ရက်အတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊

စာမျက်နှာ ၈ ကော်လံ ၅ ❖



မြန်မာ့အလင်း

## ခရီးသွားကဏ္ဍ ဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာ သုံးကြစို့

ကမ္ဘာတစ်ဝန်းလုံးရှိ ခရီးသွားနှင့်ဟိုတယ်လုပ်ငန်းကဏ္ဍတွင် လူဦးရေ သန်းပေါင်း ၃၆၆ သန်းခန့်၊ ခန့်မှန်းခြေအားဖြင့် ကမ္ဘာ့လုပ်သားထု၏ ၁၁ ရာခိုင်နှုန်းခန့် ဝင်ရောက်လုပ်ကိုင် အသက်မွေးဝမ်းကျောင်း ပြုနေကြသည်ဟု ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ (WTTC) ၏ အချက်အလက်များအရ သိရှိရသည်။ ခရီးသွားနှင့် ဟိုတယ်လုပ်ငန်းဟု ဆိုရာတွင် တည်းခိုနေထိုင်ရေး (ဟိုတယ်၊ တည်းခိုခန်း)၊ စားသောက်ဆိုင်နှင့် အစားအစာဝန်ဆောင်မှု လုပ်ငန်းများ၊ ခရီးသွားပို့ဆောင်ရေး လုပ်ငန်းများ၊ ခရီးသွားအေဂျင်စီများနှင့် ဧည့်လမ်းညွှန်လုပ်ငန်းများ၊ အနုပညာ၊ ယဉ်ကျေးမှု၊ အားကစားနှင့် အပန်းဖြေစခန်းလုပ်ငန်းများ စသည်ဖြင့် ပါဝင်ကြသည်။

ခရီးသွားလုပ်ငန်း (Travel & Tourism) ၏ တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ဝန်ဆောင်မှုနှင့် စီးပွားရေးဈေးကွက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆ ထရီလီယံခန့်ရှိနေရာ တစ်ကမ္ဘာလုံး စီးပွားရေးထုတ်လုပ်မှုတန်ဖိုး (Global GDP) ၏ ၉ ဒသမ ၈ ရာခိုင်နှုန်းခန့်ဖြစ်သည်။ ဝန်ဆောင်မှုကဏ္ဍအလိုက် ဈေးကွက်ပမာဏကို ကြည့်လျှင် ၂၀၂၆ ခုနှစ်အတွင်း ခရီးသွားဝန်ဆောင်မှု သက်သက်အားဖြင့် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃ ထရီလီယံဝန်းကျင်နှင့် ဟိုတယ်နှင့် တည်းခိုနေထိုင်ရေး ဝန်ဆောင်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃၇၂ ဘီလီယံကျော်ရှိမည်ဟု ခန့်မှန်းထားကြသည်။

တစ်ကမ္ဘာလုံးတွင် နိုင်ငံတကာခရီးသွားများသုံးစွဲမှု (International spend) တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂ ထရီလီယံဝန်းကျင်ရှိပြီး ပြည်တွင်းခရီးသွားများ သုံးစွဲမှု (Domestic spend) အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ ထရီလီယံကျော်ရှိသည်။ ကုမ္ပဏီများနှင့်လုပ်ငန်းဆိုင်ရာအစည်းအဝေး၊ ကွန်ဖရင့်များ စသည့်စီးပွားရေးခရီးစဉ်များ (Business Travels) အတွက် ခရီးသွားဝန်ဆောင်မှုအသုံးစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ထရီလီယံ ရှိသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့် မောင်းနှင်အားထဲတွင် ပါဝင်သည်။ ထူးခြားလှပသည့် သဘာဝရေမြေတောတောင်နှင့် ယဉ်ကျေးမှုအမွေအနှစ်များကဲ့သို့ ခရီးသွားလုပ်ငန်း အရင်းအမြစ်များ ကြွယ်ဝသည့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ခရီးသွားလုပ်ငန်းသည် ရေနံသို့မဟုတ် စက်မှုကုန်ထုတ်လုပ်ငန်းများကဲ့သို့ပင် အရေးပါသည့် ဝင်ငွေအရင်းအမြစ်ဖြစ်သည်။ ခရီးသွားလုပ်ငန်းမှ နိုင်ငံခြားဝင်ငွေ တိုက်ရိုက်ရရှိခြင်း၊ ကျယ်ပြန့်သော အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးခြင်း၊ အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာခြင်း၊ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs) ရှင်သန်ဖွံ့ဖြိုးခြင်းနှင့် ခရီးသွားလုပ်ငန်းတိုးတက်ခြင်းနှင့်အတူ အခြားစီးပွားရေးကဏ္ဍများအတွက်ပါ တွန်းအားဖြစ်ပေါ်လာခြင်းတို့ကြောင့် ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးတွင် အရေးပါသည့်ကဏ္ဍ၌ ရှိနေသည်။

အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅၉ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် ကုလသမဂ္ဂ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က နှစ်စဉ် စက်တင်ဘာလ ၂၇ ရက်ကို "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day)" အဖြစ် သတ်မှတ်ထားပြီး အဖွဲ့ဝင်နိုင်ငံများ၌ အခမ်းအနားများကို ကျင်းပလေ့ရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလာခဲ့ရာ ယခုနှစ်တွင် (၁၅) ကြိမ်ရှိလာခဲ့ပြီဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အတွက် ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က သတ်မှတ်ပေးထားသည့် ဆောင်ပုဒ်မှာ " Digital Agenda and Artificial Intelligence to Redesign Tourism – ခရီးသွားကဏ္ဍ ဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာ သုံးကြစို့ " ဟူ၍ ဖြစ်သည်။

ယခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့၏ ဆောင်ပုဒ်သည် ခရီးသွားလုပ်ငန်းများတွင် ဉာဏ်ရည်တုနည်းပညာနှင့် ဒီဂျစ်တယ်တန်ဆာပလာများကို သုံးစွဲခြင်းဖြင့် ခရီးစဉ်စီစဉ်သည့်လုပ်ငန်း၊ စီမံခန့်ခွဲသည့်လုပ်ငန်းနှင့် ခရီးစဉ်အတွေ့အကြုံများကို မည်သို့တိုးတက်ပြောင်းလဲစေသည်ကို စူးစမ်းလေ့လာရန် ရည်ရွယ်သည်။ နည်းပညာတိုးတက်လာမှုများက ခရီးသွားလူအုပ်စုကြီးများကို သီးသန့်ဖန်တီးထားသည့် နေရာများတွင် စုစည်းထားသည့် ခရီးသွားလုပ်ငန်း၏ မြင်ကွင်းဟောင်းများနေရာတွင် ပါဝင်မှုနှင့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်း ဂေဟစနစ်ကို အသေအချာဖန်တီးပေးသည်။ ထို့အပြင် ဒေသခံလူမှုအသိုက်အဝန်းနှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသူများအတွက် ဒီဂျစ်တယ်သင်တန်းများ သင်ကြားပို့ချပေးရေးတွင် ရင်းနှီးမြှုပ်နှံရန်အတွက်လည်း တိုက်တွန်းနှိုးဆော်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း အရင်းအမြစ်များ ပေါများကြွယ်ဝသည့်နိုင်ငံဖြစ်ပြီး မိမိတို့နိုင်ငံကို ခရီးသွားဧည့်သည်များအတွက် စစ်မှန်သော အတွေ့အကြုံများကို ပေးစွမ်းနိုင်သည့်မဖြစ်မနေလာရောက်သင့်သော ခရီးစဉ်ဒေသများတည်ရှိရာ နိုင်ငံတစ်ခုအဖြစ်ပုံဖော်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိရာ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာများကို ခေတ်နှင့်အညီ အသုံးပြုခြင်းအားဖြင့် နိုင်ငံ၏ ခရီးသွားကဏ္ဍကို လျင်လျင်မြန်မြန် မြှင့်တင်ဆောင်ရွက်နိုင်ပါမည့်အကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကိုချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။




**၂၆ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၇၁၃၀၀၀၀ ကျပ် ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၇ - ၉ - ၂၀၂၆ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၄၅၀ | ၄၆၀၅ | ၄၅၅၅ | ၄၄၆၅ | ၄၆၁၀ | ၄၆၂၅ | ၄၆၅၅ | ၄၅၃၅ | ၄၉၀၅ | ၄၉၃၅ | ၄၅၅၅ | ၄၇၀၅ | ၄၆၄၅ | ၄၆၀၅ | ၄၆၁၅ | ၄၈၄၅ |
| 95 Ron | ၄၆၀၀ | ၄၇၅၅ | ၄၇၀၅ | ၄၆၁၅ | ၄၇၆၀ | ၄၇၇၅ | ၄၈၁၀ | ၄၆၈၅ | ၅၀၅၅ | ၅၀၈၅ | ၄၇၀၅ | ၄၈၆၀ | ၄၇၉၅ | ၄၇၅၅ | ၄၇၆၅ | ၄၉၉၅ |
| HSD (500 ppm) | ၄၇၉၀ | ၄၉၄၀ | ၄၈၉၅ | ၄၈၀၅ | ၄၉၄၅ | ၄၉၆၀ | ၄၉၉၀ | ၄၈၇၅ | - | ၅၁၅၅ | ၄၈၉၅ | ၅၄၄၅ | ၄၉၀၀ | ၄၉၄၀ | ၄၉၅၀ | ၅၁၇၀ |
| HSD (50 ppm) | ၅၇၉၅ | ၅၉၅၀ | ၅၉၀၀ | ၅၈၁၀ | ၅၉၅၅ | ၅၉၇၀ | ၆၀၀၅ | ၅၈၈၀ | ၆၂၅၀ | ၆၂၀၀ | ၅၉၀၀ | ၆၀၂၀ | ၅၉၃၅ | ၅၉၅၀ | ၅၉၆၀ | ၆၁၉၀ |
| HSD (10 ppm) | ၅၇၉၅ | ၅၉၅၀ | ၅၉၀၀ | ၅၈၁၀ | ၅၉၅၅ | ၅၉၇၀ | ၆၀၀၅ | ၅၈၈၀ | | ၆၂၀၀ | ၅၉၀၀ | ၆၀၂၀ | ၅၉၃၅ | ၅၉၅၀ | ၅၉၆၀ | ၆၁၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၂၂၈ | ၄၃၄၇ |
| 95 Ron | ၄၃၇၅ | ၄၄၉၆ |
| HSD (500 ppm) | ၄၅၇၅ | ၄၆၉၆ |
| HSD (50 ppm) | ၅၅၃၂ | ၅၆၇၃ |
| HSD (10 ppm) | ၅၅၃၂ | ၅၆၇၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇– ၄၁၁၃၇၃၊ ၀၉–၂၅၄၆၂၅၄၇၇

၀၆၇– ၄၁၁၂၈၂၊ ၀၉–၆၈၀၁၅၈၉၈၈၈

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

မြန်မာ့အလင်း

စာတည်းမှူးချုပ် - ဟန်လင်းအောင်
စာတည်းမှူး - ခင်ရတနာ
စာတည်းများ - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ်
သုတေသန - အိအိခင်နှင့် အဖွဲ့
အကြီးတန်းသတင်းထောက် - ကျော်သူဝင်း၊ တင်မောင်လွင် ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
ဓာတ်ပုံသတင်းထောက် - တင်စိုး
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - မိုမိုအေးနှင့် နွဲ့မွန်တို့အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့်အဖွဲ့
စာပြင် - ဇော်မင်းသန်းနှင့် အဖွဲ့

**နေပြည်တော်–ဒုတိယစာတည်းမှူးချုပ်** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ**–အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)
mmalin.npt@gmail.com

MYANMAR Digital News Presented by NPE www.mdn.gov.mm
E-paper

# တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့လို

**"စုစည်းညီညွတ်တဲ့ တိုင်းပြည်တစ်ခုဖြစ်ဖို့အတွက် အားလုံးက ညီညွတ်ဖို့လိုပါတယ်။ ညီညွတ်ရုံနဲ့ မရသေးဘူး၊ တိုင်းပြည်အတွက် အလုပ်လုပ်ကြဖို့ လိုပါတယ်။ စည်းကမ်းရှိဖို့လည်း လိုတယ်။ တိုင်းပြည်မှာ စည်းကမ်းအရ လိုအပ်ချက်တွေရှိနေတာ အမှန်ပါပဲ။ ဒါကို စည်းကမ်းတကျ၊ ညီညီညွတ်ညွတ်နဲ့ အလုပ်လုပ်ကြမယ်ဆိုရင်၊ စွမ်းအားရှိသမျှ အလုပ်လုပ်ကြမယ်ဆိုရင် တိုင်းပြည်မဖွံ့ဖြိုး မတိုးတက်စရာအကြောင်း မရှိပါဘူး။"**

**(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ခင် ၁၆-၇-၂၀၁၈ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**

❑ *ရွှေဖုံးမှ*

အဆိုပါ တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်နယ်များမှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် သန်လျင်နှင့် ဒလတပ်နယ်သည် ရန်ကုန်မြို့တော်၏ ပင်လယ်ထွက်ပေါက်ဖြစ်ပြီး ပထဝီအနေအထားအရ အရေးပါသော နယ်မြေများ ဖြစ်ကြောင်း၊ အလားတူ ပဲခူးတိုင်းဒေသကြီးနှင့် ဆက်စပ်လျက်ရှိပြီး ရန်ကုန်မြို့ လယ် ဧရိယာ၏ တစ်ဖက်ကမ်းတွင်ရှိ၍ လုံခြုံရေးအရလည်း အရေးကြီးသော နယ်မြေများ ဖြစ်ကြောင်း၊ တပ်မတော်(ရေ) အနေဖြင့် မြန်မာ့ပင်လယ်ပြင် ရေပိုင်နက်အား ကာကွယ်နိုင်ရန်အတွက် အင်အားတောင့်တင်းခိုင်မာနေရန် လိုအပ်ကြောင်း၊ တပ်မတော်အကြီးအကဲ အဆက်ဆက်တွင် တပ်မတော်(ရေ)အား အင်အားတောင့်တင်းခိုင်မာစေရန် အမြော်အမြင်ရှိစွာဖြင့် တည်ဆောက်ခဲ့သဖြင့် ပတ်ဝန်းကျင်နိုင်ငံများ၏ လေးစားစောင့်ကြည့်နေသည်အထိ တောင့်တင်းလာခဲ့ကြောင်း၊ နိုင်ငံတော်၏ ရေပိုင်နက်အတွင်း တရားမဝင်ကုန်သွယ်မှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သယ်ဆောင်မှုများနှင့် ပတ်သက်၍ တားဆီးနှိမ်နင်းနိုင်ရေးကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သစ္စာရှိစွာဆောင်ရွက်သွားကြရန် လိုကြောင်း၊ တပ်မတော်(ရေ)သည် အရည်အသွေးကောင်းမွန်သော အစဉ်အလာကောင်းများ ရှိပြီးဖြစ်၍ ဆက်လက်ထိန်းသိမ်းသွားကြရန်လိုကြောင်း၊ တပ်မတော်(ရေ)အနေဖြင့် စစ်ဆင်ရေးတာဝန်များတွင် ခြေလျင်တပ်များနှင့်အတူ ပူးပေါင်းဆင်နွှဲ၍ စွမ်းစွမ်းတမံဆောင်ရွက်နေမှုများကိုလည်း အသိအမှတ်ပြုပါကြောင်း။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး ဒေါ်နီလာတို့ ရေတပ်လေ့ကျင့်ရေးဌာနချုပ်၌ ကံ့ကော်ပင်ကို အမှတ်တရစိုက်ပျိုးစဉ်။

မိမိတို့ တပ်မတော်သည် လွတ်လပ်ရေးကြိုးပမ်းမှုများနှင့်အတူ မွေးဖွားလာခဲ့သည့် တပ်မတော်ဖြစ်ပြီး တိုင်းပြည်၏ ခက်ခဲနက်နဲသော သမိုင်းအကွေ့အကောက်တိုင်းတွင် နိုင်ငံတော်နှင့် ပြည်သူကို အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ရှေ့တန်းကနေ မားမားမတ်မတ် ကာကွယ်စောင့်ရှောက်ခဲ့သည့် သမိုင်းကြောင်းများရှိကြောင်း၊ ထို့ကြောင့် မိမိတို့အားလုံးသည် အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကိုအစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး သစ္စာရှိစွာ တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

တပ်မတော်သည် အခြားသော ဌာနဆိုင်ရာများနှင့် ဖွဲ့စည်းမှုအရ၊ လုပ်ငန်းတာဝန်အရ ခြားနားသော သဘောသဘာဝ ရှိကြောင်း၊ တပ်တွင်းတွင် မိသားစုနှင့်အတူ နေထိုင်၍ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြရသည့်အတွက် တပ်မှူးနှင့်ဇနီးတို့၏ မိဘသဖွယ် မျှတသော အုပ်ချုပ်မှုသည် အရေးကြီးကြောင်း၊ တပ်မှူးနှင့် တာဝန်ရှိသူများသည် တော်တည့်မှန်ကန်စွာ အုပ်ချုပ်နေရန် လိုအပ်သကဲ့သို့ ကွပ်ကဲမှုအောက်တွင်ရှိသော အရာရှိ၊ စစ်သည်များကလည်း နောက်လိုက်ကောင်းများအဖြစ် အမိန့်နာခံ၍ စည်းကမ်းကောင်းမွန်နေရန် လိုကြောင်း၊ မြို့ပြတွင် နေထိုင်သူများဖြစ်၍ ကောင်းမွန်သော အခွင့်အလမ်းများကို မှန်မှန်ကန်ကန် အသုံးချရန် လိုအပ်ပြီး တပ်မတော်၏ မူဝါဒနှင့် စည်းကမ်းများကို သိရှိပြီး လိုက်နာစောင့်ထိန်းကြရန် လိုကြောင်း။

တပ်မတော်တွင် သစ္စာဖောက်မှု၊ စစ်ဆင်ရေးမှု၊ မူးယစ်ဆေးဝါးမှုများနှင့်ပတ်သက်၍ လုံးဝခွင့်လွှတ်၍မရသည့် အမှုကိစ္စများဖြစ်ကြောင်း၊ သစ္စာဖောက်မှုဆိုရာတွင် နိုင်ငံတော်နှင့် တပ်မတော်အပေါ် သစ္စာဖောက်ခြင်းအပြင် မိသားစုအပေါ် သစ္စာဖောက်ခြင်းလည်းပါဝင်၍ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည်**

တပ်မတော်၏ ကောင်းမွန်သည့် အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းကာကွယ်ရန်မှာ တပ်မတော်သားအားလုံးတွင်တာဝန်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန် အဓိကတာဝန်ရှိပြီး ထိုသို့ တာဝန်ထမ်းဆောင်နိုင်ရေးအတွက် တိုက်စွမ်းရည်၊ တိုက်စွမ်းအားများ ပြည့်ဝရမည် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့် ပြည့်စုံနေရန်လိုအပ်ပြီး စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြောင်းလဲလာသည့် စစ်အတတ်ပညာနှင့် စစ်လက်နက်ပစ္စည်းများကို အမြဲလေ့လာနေရမည်ဖြစ်ပြီး စစ်မြေပြင်တွင် လက်တွေ့အသုံးချနိုင်ရန် လိုကြောင်းနှင့် ပြည်သူက ယုံကြည်အားကိုးရသည့် စွမ်းရည်ပြည့်ဝသောတပ်များဖြစ်အောင် အမြဲကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း။

တပ်မတော် အနေဖြင့် တပ်မတော်သား မိသားစုဝင်များ၏ သားသမီးများသာမက တပ်မတော်သားများ၏ ပညာရည်မြင့်မားစေရေး အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပြီး ပညာရည်မြင့်မားစေရေးအတွက် လိုအပ်သည်များ စဉ်ဆက်မပြတ် ပံ့ပိုးဆောင်ရွက်ပေးလျက် ရှိသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ မိဘများအနေဖြင့်လည်း စစ်သည်များ၊ ကလေးငယ်များ၏ ပညာရည်မြင့်မားရေးကို အလေးပေးဆောင်ရွက်ကြရန်နှင့် တာဝန်ရှိသူများအနေဖြင့် အခွင့်အလမ်းများရရှိအောင် စီမံဆောင်ရွက်ပေးကြရန် လိုကြောင်း။

တစ်ဦးချင်းစီ၏ အရည်အသွေး တိုးတက်စေရေးအတွက် စာပေဖတ်မှတ်လေ့လာသွားရန် မဖြစ်မနေ လိုအပ်မည်ဖြစ်သဖြင့် အရာရှိ၊ စစ်သည်များအနေဖြင့် မိမိကိုယ်ကို အကျိုးဖြစ်စေနိုင်မည့် စာပေဗဟုသုတ လေ့လာခြင်းများကို ဆောင်ရွက်ကြရန် လိုကြောင်း၊ စာပေဖတ်ရှုခြင်း၊ အကြောင်းအရာများကို မှတ်သားခြင်း၊ လက်တွေ့ကြုံတွေ့လာရသည့် အခြေအနေတွင် ၎င်းအကြောင်းအရာကို အကျိုးရှိရှိ အသုံးချခြင်းတို့ကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး မိမိတို့ သိရှိထားသည့် အကြောင်းအရာများကို အခြားသူများကို မျှဝေပေးခြင်းသည်လည်း ကောင်းမွန်သည့် အမူအကျင့်ကောင်းတစ်ခုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စာပေဖတ်မှတ် လေ့လာခြင်းကို အမြဲမပြတ် ဆောင်ရွက်သွားကြရန်လိုကြောင်း။

ခေါင်းဆောင်မှုနှင့် ပတ်သက်ပါက တပ်မှူးအသီးသီးသည် မှန်ကန်သည့် ဦးဆောင်မှုနှင့် လုပ်ဆောင်ပါက လက်အောက်ငယ်သားများက တပ်မှူးအပေါ် ယုံကြည်မှုရှိလာမည်ဖြစ်ကြောင်း၊ တပ်ရင်း/တပ်ဖွဲ့မှူးများ ခေါင်းဆောင်မှု ကောင်းမွန်ပါက လက်အောက်စစ်သည်၊ မိသားစုဝင်များက ယုံကြည်မှုရှိ၍ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ တပ်ရင်း/တပ်ဖွဲ့များရှိ တာဝန်ရှိသူများအနေဖြင့် လက်အောက်၏ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးရန်လိုသဖြင့် ၎င်းတို့နှင့် ထိတွေ့မှုများစွာရှိရမည်ဖြစ်ကြောင်း၊ ထိုသို့ ထိတွေ့မှုများ ပြုလုပ်ခြင်းသည် စစ်သည်များ စိတ်ဓာတ်မြင့်မားရေးနှင့် တပ်အင်အား တောင့်တင်းခိုင်မာရေးအတွက် လုပ်ဆောင်ရမည့် အချက်ပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်သည် လက်အောက်ငယ်သားအပေါ် ကျောသား၊ ရင်သား မခွဲခြားဘဲ အမိအဖစိတ်ထားဖြင့် အုပ်ချုပ်ကွပ်ကဲရန် လိုကြောင်း၊ သို့မှသာ မိမိတို့တပ်မတော်၏ အရည်အသွေး တိုးတက်လာမည်ဖြစ်ကြောင်း။

ရေကြောင်းလုံခြုံရေးအပေါ် ခြိမ်းခြောက်မှုများကိုလည်း အမျိုးသားလုံခြုံရေး ပြဿနာအဖြစ် ထည့်သွင်း စဉ်းစားရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် ရေကြောင်းလုံခြုံရေး ကဏ္ဍအပါအဝင် ခြိမ်းခြောက်မှုများနှင့် ပဋိပက္ခများအပေါ် ကြိုတင်တွက်ဆပြီး မဟာဗျူဟာပန်းတိုင်များချမှတ်ကာ ဒေသတွင်း ရေတပ်များနှင့် ရင်ပေါင်တန်းနိုင်သော ရေတပ်ဖွဲ့တစ်ခုအဖြစ် အစဉ်မျှော်မှန်း တည်ဆောက်သွားရန် လိုအပ်ကြောင်း၊ မိမိတို့၏ သီးသန့် စီးပွားရေးဇုန်အတွင်းရှိ အချုပ်အခြာအာဏာနှင့် ရေပြင်ပိုင်နက်ကို အကြွင်းမဲ့ကာကွယ်စောင့်ရှောက်ရန်၊ ရေကြောင်းကုန်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် ပင်လယ်ရေကြောင်းလုံခြုံရေးတာဝန်များကို ထိရောက်စွာထမ်းဆောင်ရန်၊ သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးနှင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကမ်းလွန်ပင်လယ်ပြင်အထိ အကာအကွယ်ပေးရန်တို့ကို မျှော်မှန်း၍ ပြင်ဆင်လေ့ကျင့်နေရန်လိုကြောင်း၊ တပ်မတော်(ရေ)မှ ရဲဘော်ရဲဘက်အားလုံးအနေဖြင့် စွမ်းရည်များပြည့်ဝကာ နိုင်ငံတော်နှင့် ပြည်သူက အားကိုးရသည့် ခေတ်မီ တပ်မတော်(ရေ)အဖြစ် အစဉ်အမြဲ ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲ အပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့သည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီးတို့သည် ရေတပ် လေ့ကျင့်ရေးဌာနချုပ်၌ ကံ့ကော်ပင်ကို အမှတ်တရ စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

# ရန်ကုန်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အနီးတွင် တည်ဆောက်ပြီးစီးခဲ့သည့် South Dagon Mall ဖွင့်ပွဲအခမ်းအနားကျင်းပ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ဖွင့်လှစ်

နေပြည်တော် စက်တင်ဘာ ၂၆

ရန်ကုန်မြို့ မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်နေရာတွင် တည်ဆောက်ပြီးစီးခဲ့သည့် South Dagon Mall ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တက်ရောက်ဖွင့်လှစ်ပေးသည်။




တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး South Dagon Mall အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးစဉ်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် အဖွဲ့ဝင်များသည် South Dagon Mall သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် South Dagon Mall ဖွင့်ပွဲအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က South Dagon Mall အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့်အတူ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ်ဒုတိယပိုင်းကို South Dagon Mall အတွင်း ဆက်လက်ကျင်းပပြုလုပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက South Dagon Mall ဆိုင်ရာ မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌက South Dagon Mall တည်ဆောက်ဖွင့်လှစ်ခြင်းဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ယင်းနောက် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌက South Dagon Mall အဆောက်အအုံသစ်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရ လက်ဆောင်အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ထံသို့ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဗဟိုအမှုဆောင်ဥက္ကဋ္ဌက South Dagon Mall အဆင့်မြင့်ဈေးသစ်ကြီး တည်ဆောက်ခဲ့သော သမာဓိကောင်းသာ ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ အမှတ်တရစုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးကြပြီး South Dagon Mall အတွင်း ဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိမှု အခြေအနေများအား လှည့်လည်ကြည့်ရှုကြသည်။

**သုံးထပ်အဆောက်အအုံ**

အဆိုပါ South Dagon Mall သည် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇)လမ်းထောင့်၌ တည်ရှိပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ စစ်မှုထမ်းဟောင်းအိမ်ရာတွင် နေထိုင်သူများ၊ ဒဂုံမြို့သစ်(တောင်ပိုင်း)နေ ဒေသခံပြည်သူများ၏ လူနေမှုအဆင့်အတန်း မြှင့်တင်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးအတွက် ခေတ်မီ Shopping Mall တစ်ခုအဖြစ် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ South Dagon Mall သည် RC အမျိုးအစား သုံးထပ်အဆောက်အအုံဖြစ်ပြီး ပရိဘောဂဆိုင်များ၊ စားသောက်ဆိုင်များ၊ လျှပ်စစ်ပစ္စည်းအရောင်းဆိုင်များ၊ မီနီမတ်ဆိုင်များ၊ စတိုးဆိုင်များ၊ အဝတ်အထည်နှင့် အလှကုန်ဆိုင်များ၊ ရွှေငွေလက်ဝတ်ရတနာဆိုင်များနှင့် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများအတွက် Bank များ ဖွင့်လှစ်ထားရှိသည့်အပြင် အများပြည်သူများ အပန်းဖြေနိုင်ရေးအတွက် ရုပ်ရှင်ရုံနှင့် ဈေးဝယ်သူများ အဆင်ပြေစွာ သွားလာနိုင်စေရန်အတွက် စက်လှေကားများ ထည့်သွင်းတည်ဆောက်ထားပြီး လျှပ်စစ်ဓာတ်အား သုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး ဆိုလာလျှပ်စစ်ဓာတ်အားပေးစနစ်များ ထည့်သွင်းတည်ဆောက်ထားခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

* ရှေ့ဖုံးမှ

အောင်တော်မူ ဓာတ်ပေါင်းစုဆုတောင်းပြည့် စေတီတော်ပရိဝုဏ်အတွင်း စောင်းတန်းတစ်လျှောက်နှင့် စေတီရင်ပြင်တော်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်သည် ချင်းပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးဝင်းဇော်ဦး၊ ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီဝင်များနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး စုပေါင်းလုပ်အားပေးကြသည့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ အင်အား ၂၅၆ ဦးအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



ထို့အတူ ယမန်နေ့က ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဖါရ်ထောက်ရပ်ကွက်ရှိ စိန်ဂျိုးဇက်ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းသို့ သွားရောက်၍ မူလတန်းကြိုကျောင်းကလေးများအား အာဟာရတိုက်ကျွေးနေမှုကို ကြည့်ရှုအားပေးပြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ့်အားကိုယ်ကိုးမူလတန်းကြို ကျောင်းအတွက် ထောက်ပံ့သည့် အလှူငွေများနှင့် သင်ထောက်ကူ ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ရုံးအဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ခရိုင်ရုံးအဆောက်အအုံ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေတောင်မြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

ရွှေတောင် စက်တင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာ ၂၆ ရက် နံနက်က ကြို့ကုန်းအုပ်စု ပေကုန်းကျေးရွာရှိ ရဟန္တာ(၈၀)သိမ်တော်ဝင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၁၀၈ ဦးတို့မှ စိန်ပန်းကြီး၊ ပိတောက်၊ ကံ့ကော်၊ ငုရွှေဝါ၊ ငုချယ်ရီ စသည့်ပျိုးပင်ပေါင်း ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**



---

■ ရှေ့ဖုံးမှ

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ တပ်မတော်သားများနှင့် မိသားစုဝင်များအပြင် ဒေသခံပြည်သူများကိုပါ တပ်မတော်ဆေးတပ်ဖွဲ့မှ ဆေးကုသရေးအဖွဲ့ ပါရဂူကြီးများက စိတ်ရင်းစေတနာပြည့်ဝစွာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံ၌ အကြိမ်(၄၀)မြောက်နှင့် အတွဲ (၁၀၀)ပြည့် ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုကို စက်တင်ဘာ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။ ခွဲစိတ်ကုသမှုအောင်မြင်ပြီး လူနာနှင့် ကျောက်ကပ်အလှူရှင်များ၏ ခွဲစိတ်ပြီး ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လျက်ရှိပြီး လိုအပ်သည့် ဆေးဝါးကုသ ပြုစုမှုများကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ကုသပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ကပ်အစားထိုး ခွဲစိတ်ကုသမှုများကို နေပြည်တော်၊ ရန်ကုန်၊ ပြင်ဦးလွင်၊ အောင်ပန်းမြို့တို့ရှိ တပ်မတော်ဆေးရုံများတွင် တပ်မတော်သားများ၊ မိသားစုဝင်များနှင့် ပြည်သူများအား ခွဲစိတ်ကုသပေးခြင်း ဆောင်ရွက်လျက်ရှိရာ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံတွင် ကျောက်ကပ်ဝေဒနာရှင်များအတွက် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၈ ရက်၌ ပထမအကြိမ် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခု လူနာ(၄)တွဲအပါအဝင် အတွဲ(၁၀၀)ပြည့် အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

ထာဝရကုသိုလ်
ရယူဖို့
သစ်ပင်စိုက်ပျိုး
ထိန်းသိမ်းစို့

# ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသမဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇာ ဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း ချမ်းမြေ့ရိပ်သာကျောင်းတိုက် ဦးစီးပဓာနမဟာနာယက နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယရတ္တညူမဟာနာယက၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊ ဆဋ္ဌသင်္ဂီတိပါဠိပဋိဝိသောဓက၊ သကျသီဟနှင့် အစိုးရသိရီပဝရဓမ္မာစရိယ၊ သက်တော်(၉၉)နှစ်၊ သိက္ခာတော်(၇၉)ဝါရှိ ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသမဟာထေရ်မြတ်ကြီး၏ သရီရဓာတုပဝါဟနပူဇာဓာတ်ပြာတော်များ ရေမျှောပူဇော်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သံသုမာလမ်း သုဝဏ္ဏဘူမိ EVENT PARK ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဋ္ဌနာဘိဝံသ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ၊ ချမ်းမြေ့ရိပ်သာကျောင်း ဆရာတော်ဘဒ္ဒန္တသောဘိတာဘိဝံသတို့ အမှူးပြုသည့် ဆရာတော်သံဃာတော်များ၊ ပြည်တွင်းပြည်ပမှ သီလရှင်ဆရာကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ချမ်းမြေ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့နှင့် ဒါယကာ ဒါယိကာမများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ ဆရာတော်သံဃာတော်များ၊ ပြည်ထောင်စုဝန်ကြီးနှင့်တာဝန်ရှိပုဂ္ဂိုလ်များ၊ ချမ်းမြေ့ရိပ်သာယောဂီအဖွဲ့များအပါအဝင် ပရိသတ်အားလုံးက "သဗ္ဗေသင်္ခါရာအနိစ္စာတိ" အစချီသော သံဝေဂ သုံးဂါထာကို ရွတ်ဆိုပွားများ၍ အခမ်းအနားကို ဖွင့်လှစ်ကာ အခမ်းအနားမှူးက သရီရ ဓာတ်ပြာတော်တို့ကို ဓာတုပဝါဟနပူဇာသဘင်ဆင်ယင်ကျင်းပ ပူဇော်ခွင့်ပြုရန် အဘိယာစန နိမန္တနဂါထာဖြင့် တောင်းပန်လျှောက်ထားသည်။

ထို့နောက် ဆရာတော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် လောင်တိုက်ပေါ်သို့ တက်ရောက်ကြပြီး ချမ်းမြေ့ရိပ်သာဆရာတော် ဘဒ္ဒန္တဇနကာဘိဝံသ မဟာထေရ်မြတ်ကြီး၏ သရီရဓာတ်ပြာတော် အရိုးတော်များအား အုန်းစိမ်းရည်ဖြင့် ပက်ဖျန်းပူဇော်ခြင်း၊ သရီရဓာတ်ပြာတော် အရိုးတော်များကို ရတနာရွှေအိုး၊ ငွေအိုးများတွင် ထည့်သွင်းပူဇော်ခြင်း၊ ကျန်ရှိသော သရီရဓာတ်ပြာတော်၊ အရိုး၊ အစ၊ အန အားလုံးကို ရွှေအိတ်များဖြင့် ထည့်သွင်းခြင်းတို့ ဆောင်ရွက်ကြပြီး သရီရဓာတ်ပြာတော် ရတနာရွှေအိုးများကို ကရဝိက်ယာဉ်ပေါ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ပူဇော်ကြသည်။

ယင်းနောက် ကရဝိက်ယာဉ်ဖြင့် ချမ်းမြေ့ရိပ်သာ ဆရာတော်ကြီး၏ သရီရဓာတ်ပြာတော် ရတနာရွှေအိုးများကို သဃ်္ဃန်းကျွန်းမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ ကျောက်တံတားမြို့နယ်များကို ဖြတ်သန်းပင့်ဆောင်လာရာ လမ်းတစ်လျှောက်တွင် ဒါယကာ ဒါယိကာမများက ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ကျန်းမာရေးဆိပ်ကမ်းတံတား၌ ဆရာတော် သံဃာတော်များက ဦးဆောင်၍ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် ချမ်းမြေ့ရိပ်သာကျောင်းတိုက် ဝေယျာဝစ္စအဖွဲ့ဝင်များက



ချမ်းမြေ့ရိပ်သာ ဆရာတော်ကြီး၏ သရီရအရိုးပြာဓာတ်တော်များ ထည့်သွင်းပူဇော်ထားသည့် ရတနာရွှေအိုးများနှင့် ရတနာရွှေအိတ်များကို Royal Green River သင်္ဘောပေါ်ရှိ အပူဇော်ခံပုလ္လင်ပေါ်သို့ ပင့်ဆောင်ထားရှိကြသည်။

အဆိုပါ သင်္ဘောဖြင့် ပုဇွန်တောင်ချောင်းနှင့် ရန်ကုန်မြစ်၊ ပဲခူးမြစ်ဆုံရာ နေရာသို့ ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ တွဲဖက်အကျိုးတော်ဆောင် ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံရွှေကျင်တိုက်သစ် တိုက်အုပ်ဆရာတော် ဘဒ္ဒန္တသိရီကဋ္ဌနာဘိဝံသက ချမ်းမြေ့ဆရာတော်ကြီးအား နောက်ဆုံးပူဇော်သည့်အနေဖြင့် ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ သာသနာပြုဂုဏ်ဖြင့် ပရိယတ္တိစွမ်းရည်၊ ပဋိပတ္တိစွမ်းရည်တို့ကို ဟောကြားဂုဏ်ပြုပူဇော်ပြီး ချမ်းမြေ့ဆရာတော်ကြီးအား ကုသိုလ်အမျှပေးဝေကြသည်။

ထို့နောက် အခမ်းအနားမှူးက ချမ်းမြေ့ဆရာတော်ဘုရားကြီး၏ သရီရအရိုးပြာဓာတ်တော်များကို သရီရဓာတုပဝါဟန ပူဇာသဘင်ဆင်ယင်သည့် အနေဖြင့် ရေမျှောပူဇော်တော့မည်ဖြစ်ကြောင်း သုံးကြိမ်တိုင်တိုင် လျှောက်ထားကြေညာပြီး သံဃာတော်များဦးဆောင်သည့် ပရိသတ် အားလုံးက "အနိစ္စာ ဝတ သင်္ခါရာ" "ဒုက္ခဝတ သင်္ခါရာ" "အနတ္တဝတ သင်္ခါရာ" အစချီရွတ်ဆိုပွားများကာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့က ချမ်းမြေ့ဆရာတော်ကြီး၏ သရီရအရိုးပြာဓာတ်တော်များကို ထည့်သွင်းပူဇော်ထားသည့် ရတနာရွှေအိုးတော်များ၊ ရတနာရွှေအိတ်တော်များကို ရေမျှော ပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် အဆိုပါ သင်္ဘောပေါ်၌ ဆရာတော်သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အခမ်းအနား ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးပြည်သူ့ဆေးရုံကြီး နှလုံးရောဂါအထူးကုဌာနက ကြီးမှူး၍ ၂၀၂၆ခုနှစ် ကမ္ဘာ့နှလုံး ကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားကို မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီရုံး မြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နှလုံးကျန်းမာရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ အစီအစဉ်များအပြင် တက်ရောက်လာသူများအား BMI ညွှန်းကိန်းတိုင်းတာခြင်း၊ သွေးပေါင်ချိန်၊ သွေးတွင်းအဆီ



ဓာတ် (Lipid Profile)၊ သွေးတွင်းသကြားဓာတ်(RBS) နှင့် လာမည့် ၁၀ နှစ်အတွင်း နှလုံးရောဂါဖြစ်နိုင်ခြေ၊ နှလုံးညှစ်အားနည်းရောဂါဖြစ်နိုင်ခြေ၊ လေဖြတ်နိုင်ခြေတွက်ချက်ပေးခြင်းတို့ကိုပါ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် နှလုံးကျန်းမာ ဉာဏ်ပဒေသာ မိသားစုနွဲပျော်ပြိုင်ပွဲတော် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဖြေဆိုနိုင်သူများအတွက် ဂုဏ်ပြုဆုများ၊ တက်ရောက်လာကြသူများကို ကံစမ်းမဲဖောက်၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည့်အပြင် နှလုံးရောဂါ အထူးကုဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာကျော်စိုးဝင်းက လူတိုင်းသိသင့် လုပ်တတ်သင့်သည့် နှလုံးခုန်ရပ်တန့်သွားသူအား လက်နှင့်ရင်ဘတ်ကို ဖိပြီး ပြုလုပ်သောရှေးဦးသူနာပြု နှလုံးနှိုးဆွနည်းကို သင်ထောက်ကူပစ္စည်းဖြင့် သရုပ်ပြသခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မိုရ်စိုး၊ မန္တလေး ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး၊ နှလုံးရောဂါ အထူးကုဌာနမှ ပါမောက္ခ (ဌာနမှူး) ဒေါက်တာကျော်စိုးဝင်းနှင့် ဆရာဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများ တက်ရောက်ကြသည်။

ယနေ့ နံနက်ပိုင်းကလည်း တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းတွင် နယ်မြေခံတပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကိုသွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မော်လမြိုင်မြို့နယ်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မော်လမြိုင် စက်တင်ဘာ ၂၆**

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အမျိုးသမီးနှင့်ကလေးဆေးရုံကြီးဝင်းအတွင်း၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် သတင်းရဲတပ်ဖွဲ့ အမှတ်(၁၁)တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ထွန်းဝေ ဦးစီးသည့် တပ်ဖွဲ့ဝင်များက ဆေးရုံတက်ရောက်ကုသနေသော လူနာများနှင့် ဆေးရုံလာရောက်ပြသသူများ စိတ်အေးချမ်းသာစွာ ဆေးကုသမှုခံယူနိုင်ရေး၊ ဆေးရုံပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ပြီး ဥပဓိရုပ်ကောင်းမွန်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **စည်သူ(ပြန်/ဆက်)**





## ညောင်ရွှေမြို့နယ်၌ စုပေါင်းသွေးလှူဒါန်း

**ညောင်ရွှေ စက်တင်ဘာ ၂၆**

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ညောင်ရွှေမြို့နယ်ရဲတပ်ဖွဲ့မှ ရဲအရာရှိ နှစ်ဦး၊ အခြားအဆင့် ငါးဦးနှင့် မိသားစုဝင် သုံးဦးတို့သည် ယနေ့ နံနက် ၉ နာရီက ညောင်ရွှေမြို့နယ် ပြည်သူ့ဆေးရုံ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် စုပေါင်းသွေးလှူဒါန်းကြကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

## ကျောက်တံခါးမြို့နယ်၌ ဂျုဂ္ဂနတ်ကျေးရွာ ဂဝံလမ်းခင်းခြင်းဆောင်ရွက်

**ကျောက်တံခါး စက်တင်ဘာ ၂၆**

ကျောက်တံခါးမြို့နယ်၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေသည် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဂျုဂ္ဂနတ်ကျေးရွာလမ်း ဂဝံခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ယမန်နေ့နံနက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



၂၀၂၆ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ပြိုင်ပွဲဝင်ဆောင်းပါး

# ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့

ရွှေလေးခင်

လူတို့သည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့် တစ်ဦးချင်းဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ တစ်နေရာမှ တစ်နေရာသို့ ခရီးလှည့်လည်သွားလာကြရာတွင် ခေတ်အဆက်ဆက် ခရီးသွားလာမှုပုံစံများ ပြောင်းလဲလာပြီး ခရီးသွားလုပ်ငန်းသည်လည်း ကြီးမားကျယ်ပြန့်လာသည်။ ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးစီးပွားရေးလုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သကဲ့သို့ လူတို့၏ လူမှုစီးပွားဘဝများ တိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုလျက်ရှိနေသည်။ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုလမ်းဆုံ၌ တည်ရှိနေသည့် အလွန်အရေးပါသော ကဏ္ဍတစ်ခုဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ ဦးဆောင်စီးပွားရေးကဏ္ဍတစ်ခုအဖြစ် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဂေဟစနစ်တို့အပေါ် နက်ရှိုင်းသော သက်ရောက်မှုများစွာ ရှိနေပါသည်။

နိုင်ငံတစ်နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအပြင် ရေရှည်စဉ်ဆက်မပြတ် ဆက်လက် ထိန်းသိမ်းထားနိုင်စေရေးအတွက် ယင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနှင့် လူမှုဖူလုံရေးတို့အကြား ဟန်ချက်ညီသော ဗျူဟာမြောက်လုပ်ဆောင်ချက်များ ဖြစ်စေရန်မှာလည်း အဓိကကျလှပေသည်။ သို့ရာတွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများမရှိဘဲ ရေတိုစီးပွားရေးအမြတ်အစွန်းများကိုသာ ဦးတည်ပါက ခရီးသွားဧည့်သည်များကို ဆွဲဆောင်နေသော အဓိကအရင်းအမြစ်များ ပျက်စီးသွားစေနိုင်သည်အထိ အန္တရာယ်ရှိသဖြင့် သမားရိုးကျခရီးသွားလုပ်ငန်းမှ ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ခရီးသွားလုပ်ငန်းသို့ စဉ်ဆက်မပြတ် ကူးပြောင်းဖော်ဆောင်ရန် မဖြစ်မနေ လိုအပ်လျက်ရှိပါသည်။

ကမ္ဘာကြီးသည် အပြန်အလှန် ချိတ်ဆက်မှုရှိလာသည်နှင့်အမျှ ခရီးသွားလုပ်ငန်းအတွက် စီးပွားရေးဖွံ့ဖြိုးမှု၊ ယဉ်ကျေးမှုဖလှယ်မှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကဏ္ဍတို့တွင် အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုများနှင့်အတူ ရေရှည်အစီအမံများချမှတ်ပြီး အကောင်အထည်ဖော် မြှင့်တင်ဆောင်ရွက်နိုင်ရန် အရေးကြီးလာသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်များစွာက ခရီးသွားလုပ်ငန်းတိုးတက်မှုကို အရေအတွက်အပေါ်သာ အဓိကထားခဲ့သဖြင့် ဂေဟစနစ်ယိုယွင်းမှု၊ ယဉ်ကျေးမှုဆိုင်ရာ ရောယှက်မှု (Homogenization)နှင့် လူမှုရေးမညီမျှမှုများ ဖြစ်ပေါ်ခဲ့ရာ ယခုအခါ ဂေဟစနစ် ကာကွယ်ထိန်းသိမ်းမှုနှင့် ရှုမြင်ချက်အသစ်များကို ပေါင်းစည်း၍ စနစ်တကျ ကူးပြောင်းကြရမည် ဖြစ်ပါသည်။

ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် (UNWTO) (ယခု UN Tourism) ကို ၁၉၇၅ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံအပါအဝင် အဖွဲ့ဝင်နိုင်ငံ ၁၆၀ တို့ဖြင့် စက်တင်ဘာလ ၂၇ ရက်နေ့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ကာ ၁၉၈၀ ပြည့်နှစ်မှစ၍ အခမ်းအနားများ စတင်ကျင်းပလာခဲ့သည်။ နှစ်အလိုက် ဆောင်ပုဒ်များသတ်မှတ်ခဲ့ရာ ၂၀၂၆ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဆောင်ပုဒ်အဖြစ် “ခရီးသွားကဏ္ဍဆန်းသစ်ဖို့ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာသုံးကြစို့” ဟု ချမှတ်ထားသကဲ့သို့ ယင်းရည်မှန်းချက်များကို ထိရောက်စွာ ဖော်ဆောင်နိုင်ရန် အဆင့်မြင့်နည်းပညာများ ပေါင်းစပ်အသုံးပြုရေးကိုလည်း ကမ္ဘာ့နိုင်ငံအသီးသီးက အလေးထားဆောင်ရွက်လာကြပါသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့အမြန်ဆုံးဝင်ငွေရရှိစေသော မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့်ပင် စက်မှုဖွံ့ဖြိုးပြီးနိုင်ငံများတွင် အရေးပါသည့်လုပ်ငန်းအဖြစ် အလေးထားဆောင်ရွက်သကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများကလည်း ပြည်တွင်းပြည်ပခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြသည်။ သို့သော်လည်း အလွန်အမင်း ခရီးသွားလာမှု (Over-tourism)၊ ဂေဟစနစ်ထိခိုက်မှု၊ ယဉ်ကျေးမှုများကို ကုန်ပစ္စည်းအဖြစ် အသွင်ပြောင်းမှုနှင့် ဆင်းရဲနွမ်းပါးသောနိုင်ငံများ၌ အခြေခံအဆောက်အအုံနှင့် ဆန်းသစ်တီထွင်မှုအတွက် ရန်ပုံငွေ အကန့်အသတ်ရှိမှု စသည့်စိန်ခေါ်မှုများစွာကိုလည်း ရင်ဆိုင်နေကြရသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့နိုင်ငံများအကြား ချစ်ကြည်ငြိမ်းချမ်းရေးနှင့် အပြန်အလှန် နားလည်မှုကို မြှင့်တင်ပေးသည့် အစွမ်းထက်သော ကိရိယာတစ်ခုဖြစ်သကဲ့သို့ ယနေ့ခေတ် Digital Connectivity စနစ်များဖြင့် ယဉ်ကျေးမှုများကို အလွယ်တကူ ဆက်သွယ်ပေးမည့် ပေါင်းကူးတံတား (Virtual Bridge) တစ်ရပ်လည်း ဖြစ်ပါသည်။ ယနေ့ခေတ်တွင် ရာသီဥတုပြောင်းလဲမှုကို အရေးတကြီး ကိုင်တွယ်ရန်နှင့် နောင်မျိုးဆက်သစ်များအတွက် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရန် လိုအပ်လာသဖြင့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်-၂၀၃၀ (SDGs-2030) ပါ ပန်းတိုင် (၈.၉) တွင် အလုပ်အကိုင်များ ဖန်တီးပေးပြီး ဒေသခံယဉ်ကျေးမှုနှင့် ထုတ်ကုန်များကို ဒီဂျစ်တယ်စနစ်ဖြင့် မြှင့်တင်ပေးမည့် Smart Tourism Policies များကိုချမှတ်ရန် ထည့်သွင်းဖော်ပြထားပါသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို Digital Economy မှတစ်ဆင့် တိုက်ရိုက်အထောက်အကူပြုခြင်း၊ နိုင်ငံခြားဝင်ငွေကို Online Transactions များဖြင့် လွယ်ကူလျင်မြန်စွာရှာဖွေပေးနိုင်ခြင်း၊ နည်းပညာအခြေပြု အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းနှင့် လူထုလူတန်းစား အသီးသီးထံသို့ ဝင်ငွေများ တိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းလမ်းများဖြင့် စီးဝင်စေခြင်းစသည့် အကျိုးကျေးဇူးများစွာကို ရရှိစေပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီးပွားရေး ရေရှည်တည်တံ့ရေး အခြေခံမူများနှင့်အညီ Digital Governance, Smart Strategic Planning နှင့် Tech-enabled Monitoring & Analytics စနစ်များကို အသုံးပြု၍ ပြည်သူဗဟိုပြုစီမံကိန်းများကို အကောင်အထည်ဖော်မှသာလျှင် အမြင့်မားဆုံးထိရောက်မှုကို ရရှိနိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုး ၁၃၅ မျိုး မှီတင်းနေထိုင်လျက်ရှိပြီး တိုင်းရင်းသားလူမျိုးစုတိုင်းတွင် မတူညီသော ယဉ်ကျေးမှုဓလေ့စရိုက်များ၊ သက်ဝင်ယုံကြည်မှုများ၊ ရိုးရာပွဲတော်များနှင့် ဒေသထွက်ပစ္စည်းများ၊ အစားအသောက်များ စသည့် အလွန်စိတ်ဝင်စားဖွယ်ရာများကို ပိုင်ဆိုင်ထားကြသည်။ အစိုးရနှင့် ပါဝင်ပတ်သက်သူများသည် ခရီးသွားလုပ်ငန်း၏ တိုးတက်လာသော လိုအပ်ချက်များနှင့်အညီ အရည်အသွေးမြင့် Digital Literacy & Tech Training ပညာရေး အစီအစဉ်များနှင့် လက်တွေ့ကျွမ်းကျင်မှု သင်တန်းများကို လက်လှမ်းမီစေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပြီး အမျိုးသမီးနှင့်လူငယ်များ ဦးဆောင်သည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSMEs)နှင့် ဒီဂျစ်တယ်စွန့်ဦးတီထွင်မှုများကို နည်းပညာနှင့် ငွေကြေးပံ့ပိုးမှုများဖြင့် အားဖြည့်ပေးရမည်ဖြစ်ပါသည်။

တောင်ပေါ်၊ မြေပြန့်၊ ကမ်းရိုးတန်း၊ မြစ်ဝှမ်း၊ ပင်လယ်ကမ်းခြေများ စသည့် မတူကွဲပြား ထူးခြားလှပသည့် သဘာဝရှုခင်းများ၊ သမိုင်းဝင်ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် အရှေ့တောင်အာရှတွင် မြန်မာတစ်နိုင်ငံတည်းတွင်သာရှိသည့် ရေခဲဖုံးလွှမ်းသော တောင်တန်းများသည် ကမ္ဘာလှည့်ခရီးသည်များကို ဆွဲဆောင်နိုင်သည့် တန်ဖိုးမဖြတ်နိုင်သောအရာများပင် ဖြစ်ပါသည်။ မျက်မှောက်ခေတ်တွင် ဒီဂျစ်တယ်နည်းပညာ၊ Travel Tech နှင့် Artificial Intelligence (AI) နည်းပညာများသည် အလားအလာကြီးမားသော အခွင့်အလမ်းများကို ဖန်တီးပေးလျက်ရှိရာ AI-powered Solutions များသည် ခရီးသွားများအတွက် ရွေးချယ်မှု ပိုမိုလွယ်ကူစေပြီး စီးပွားရေးလုပ်ငန်းများအတွက် Data-driven Profits နှင့် ထိရောက်သော ယှဉ်ပြိုင်မှုအသာစီးကို ရရှိစေပါသည်။

ဉာဏ်ရည်တု (AI) နည်းပညာ၏ တိုးတက်လာမှုသည် ခရီးသွားများအတွက် ခရီးစဉ်မစမီ စီစဉ်ခြင်းမှစ၍ ခရီးစဉ်ပြီးဆုံးသည်အထိ အချိန်နှင့်တစ်ပြေးညီ ဝန်ဆောင်မှုပေးနိုင်သော သဘောသဘာဝရှိပါသည်။ AI-driven Data Analytics များမှတစ်ဆင့် ခရီးသွားဧည့်သည်များ၏ စိတ်ဝင်စားမှု၊ သွားရောက်လိုသည့် ခရီးစဉ်ရာသီဥတုနှင့် သဘောကျနှစ်သက်သည့် ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံများကို လေ့လာဆန်းစစ်ကာ တစ်ဦးချင်းစီအတွက် သီးသန့်ကိုက်ညီမည့် ခရီးစဉ်အစီအစဉ်များ (Personalized Itineraries) အား စက္ကန့်ပိုင်းအတွင်း ဖန်တီးပေးနိုင်သည်။ ထို့ပြင် AI Chatbots နှင့် Virtual Assistants များသည် ခရီးသွားဧည့်သည်များ ကြုံတွေ့ရသည့် ဘာသာစကားအခက်အခဲများနှင့် သတင်းအချက်အလက် လိုအပ်ချက်များကို ၂၄ နာရီပတ်လုံး အချိန်မဆိုင်းဘဲ Instant Response ဖြင့် တုံ့ပြန်ဆောင်ရွက်ပေးနိုင်သဖြင့် ဝန်ဆောင်မှုအရည်အသွေးကို များစွာမြှင့်တင်ပေးနိုင်ပါသည်။

ခရီးသွားလုပ်ငန်းသည် လူသားအချင်းချင်း ချစ်ကြည်ခြင်း၊ ငြိမ်းချမ်းခြင်း၊ ယဉ်ကျေးမှုဖလှယ်ခြင်း၊ ပညာရေးနှင့် ကျွမ်းကျင်ဖွံ့ဖြိုးမှုရှိခြင်း၊ နည်းပညာဆန်းသစ်စေခြင်းတို့ရရှိစေပြီး ဒေသခံတို့၏ လူမှုစီးပွားဘဝကို Digital Empowerment ဖြင့် မြင့်မားလာစေမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတကာခရီးသွားလာရေး ရေရှည်တည်တံ့မှုဆိုင်ရာ Global Standards များ ပြည့်မီအောင် ဆောင်ရွက်ခြင်း၊ ဒေသခံအသိုက်အဝန်းများအပေါ် ရေရှည်အကျိုးကျေးဇူးရရှိစေခြင်း၊ အမျိုးသမီး၊ လူငယ်နှင့် ပါဝင်ခွင့်နည်းပါးသော ဒေသခံများအတွက် Tech & Skills Investment များ ရင်းနှီးမြှုပ်နှံပေးခြင်းနှင့် ဧည့်သည်နှင့် အိမ်ရှင်အကြား လေးစားမှုရှိသော မိတ်ဖက်ဆက်ဆံရေးများကို ဖန်တီးပေးရန် လိုအပ်ပါသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ အဆိုအရ ခရီးသွားလုပ်ငန်း၏ အလုပ်အကိုင် ဖန်တီးပေးနိုင်မှုသည် ကမ္ဘာ့အလုပ်အကိုင်များ၏ ၁၁ ပုံ ၁ ပုံ ရှိကြောင်း သိရှိရပြီး ဒေသတွင်းစီးပွားရေးဆိုင်ရာ မညီမျှမှုများကို Digital Economy မှတစ်ဆင့် လျော့ကျစေနိုင်သည်။ တစ်ချိန်တည်းမှာပင် သမားရိုးကျ ခရီးသွားလုပ်ငန်းကြောင့် ဖြစ်ပေါ်ခဲ့သော ဂေဟစနစ်ထိခိုက်မှုများကို ပြန်လည်ထူထောင်ရေးဆိုင်ရာ ခရီးသွားလုပ်ငန်း (Regenerative Tourism) ဖြင့် ပြန်လည်တည်ဆောက်ရမည်ဖြစ်ရာ ခရီးသွားများကိုယ်တိုင် Eco-tracking Apps များမှတစ်ဆင့် သစ်ပင်စိုက်ပျိုးခြင်း၊ သန္တာကျောက်တန်း ပြန်လည်ထူထောင်ခြင်းနှင့် ဒီဂျစ်တယ်စနစ်ဖြင့် ယဉ်ကျေးမှုပြန်လည်အသက်သွင်းခြင်း စသည့် လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်လာအောင် နည်းပညာဖြင့် တွန်းအားပေးစည်းရုံးရမည် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင်လည်း မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်၊ အင်းလေးအပါအဝင် ဒေသအနှံ့အပြားရှိ ဘုရားပုထိုးများ၊ သာသနိကအဆောက်အအုံများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ထိခိုက်ပျက်စီးခဲ့ရသဖြင့် နိုင်ငံတော်က ပြန်လည်ထူထောင်ရေးနှင့် အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် Smart Technology များဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးကြံ့ကြံ့ခံနိုင်မှုအတွက် ကုန်စည်နှင့် ဝန်ဆောင်မှုများကို ဒေသခံထုတ်လုပ်သူများထံမှ Digital Marketplaces များမှတစ်ဆင့်ရယူခြင်း၊ MSMEs များကို နည်းပညာဖြင့်ပံ့ပိုးခြင်း၊ ဒေသခံများ၏ စစ်မှန်သော လက်မှုပစ္စည်းများ (One Village One Product – OVOP)နှင့် ရိုးရာအစားအစာ အတွေ့အကြုံများကို အခြေခံသည့် Smart Tourism Products များကို ဖန်တီးခြင်းဖြင့် ဆန်းသစ်တီထွင်မှု စီးပွားရေး

စာမျက်နှာ ၇ သို့

> ❝ ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ သွားလာလည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို Smart Tourism Portals နှင့် မိုဘိုင်းအက်ပလီကေးရှင်းများမှတစ်ဆင့် ပြည့်စုံလွယ်ကူလျင်မြန်စွာ ရရှိနိုင်အောင် စီစဉ်ပေးပြီး Digital Visa ကဲ့သို့သော ပြည်ဝင်ခွင့်၊ ပြည်ထွက်ခွင့်နှင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကို ဆက်စပ်ဝန်ကြီးဌာနများက Digital Government စနစ်များဖြင့် ဝိုင်းဝန်းပံ့ပိုးပေးရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဒေသခံများ၏ ဝင်ငွေတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမဏ္ဍိုင်များနှင့် ချိတ်ဆက်ကာ ကမ္ဘာ့ဖွံ့ဖြိုးမှုလားရာများပေါ်မူတည်၍ မျက်ခြည်မပြတ် အဆင့်မြှင့်တင်ရန် လိုအပ်သည်။ ထို့အတူ ခရီးသွားများ၏တာဝန်ယူမှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အသိပညာပေးမှုများကိုလည်း Digital Media နှင့် အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် တိုးမြှင့်ဆောင်ရွက်ရမည် ❞

# ရွှေတိဂုံစေတီတော်မြတ်ကြီး၌ တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့)အခမ်းအနားကို ယနေ့နံနက် ၅ နာရီခွဲမှ စတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ဆွမ်းတော်ကြီးကပ်လှူပွဲအခမ်းအနားကို စေတီရင်ပြင်တော်တောင်ဘက်ဧည့်ခံတန်ဆောင်း၌ကျင်းပရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက ရွှေတိဂုံစေတီတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ကြပြီး ဂရုဓမ္မအခါတော်နေ့ အခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများ၊ ဝန်ထမ်းများက ဘုရားဂုဏ်တော်၊ တရားဂုဏ်တော်၊ သံဃာ့ဂုဏ်တော်များရွတ်ဖတ်ပူဇော်ခြင်း၊ ဂရုဓမ္မငါးပါးသီလ အကျိုးအပြစ်လင်္ကာများ ရွတ်ဆိုပူဇော်ခြင်း၊ ဂရုဓမ္မအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာများကို အမေးအဖြေပြုလုပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

**နဝင်္ဂသီလဆောက်တည်**

ထို့နောက် ဝါတွင်းသီလခံယူပွဲ၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲနှင့် ရေစက်ချအနုမောဒနာအခမ်းအနားကို ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ တိပိဋကဩဝါဒါစရိယ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ပါဠိပါရဂူ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စ အသင်းအဖွဲ့များ၊ ဝန်ထမ်းများနှင့် ဘုရားဖူးပြည်သူများက နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဩဝါဒါစရိယဆရာတော်ကြီးနှင့် ပင့်သံဃာတော်များအား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များ၊ ဗုဒ္ဓဝေယျာဝစ္စအသင်းများ၊ ဝန်ထမ်းများနှင့် အလှူရှင် ဘုရားဖူးလာ ပြည်သူများက သင်္ကန်းနှင့်လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသထံမှ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဩဝါဒါစရိယဆရာတော်ကြီးနှင့် ပင့်သံဃာများအား ရောင်တော်ဖွင့်တန်ဆောင်း၌ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။ ယနေ့ တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့)၌ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးများ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



---

*စာမျက်နှာ ၆ မှ*

(Creative Economy) ကို တွန်းအားပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။

ထို့ပြင် Augmented Reality (AR) နှင့် Virtual Reality (VR) ကဲ့သို့သော ဒီဂျစ်တယ်နည်းပညာများသည် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များနှင့် သဘာဝခရီးစဉ်ဒေသများကို မူလတန်ဖိုး ထိခိုက်မှုမရှိဘဲ ခရီးသွားများထံ ပိုမိုဆွဲဆောင်ပြသနိုင်သည့် အစွမ်းထက်သော ပေါင်းကူးတံတားပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ် သို့မဟုတ် ကာလရှည်ကြာမှုကြောင့် ပျက်စီးယိုယွင်းခဲ့ရသော ရှေးဟောင်းဘုရားပုထိုးများနှင့် အနုလက်ရာများကို 3D Mapping နှင့် VR စနစ်များအသုံးပြု၍ ပုံရိပ်ဖော်ပြသပေးခြင်းဖြင့် ခရီးသွားများသည် သမိုင်းဝင်နယ်မြေများ၏ မူလခမ်းနားထည်ဝါမှုကို တိုက်ရိုက်ထိတွေ့ ခံစားခွင့်ရရှိကြမည်ဖြစ်ပါသည်။ ယင်းစနစ်သည် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းရာရောက်သည့်အပြင် ခေတ်မီဆန်းသစ်သော Immersive Tourism Experience အတွေ့အကြုံသစ်များကိုလည်း ဖန်တီးပေးနိုင်ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းသော အခြေအနေတစ်ရပ် မဖြစ်မနေလိုအပ်ပြီး ခရီးသွားလုပ်ငန်းနှင့် ငြိမ်းချမ်းရေးသည် ကြီးမားသော ဆက်နွယ်မှုရှိနေသဖြင့် မိမိတို့နိုင်ငံ၏ ခရီးသွားလုပ်ငန်း တိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းဖော်ဆောင်ကြရန် တာဝန်ရှိသည်။ အခြားတစ်ဖက်တွင်လည်း ရာသီဥတုပြောင်းလဲမှု၊ ကပ်ရောဂါများနှင့် စီးပွားရေးအကျပ်အတည်းများကဲ့သို့ မမျှော်လင့်ဘဲ ကြုံတွေ့ရနိုင်သည့် အနာဂတ်အန္တရာယ်များအတွက် နည်းပညာသုံးအန္တရာယ်တုံ့ပြန်ရေး စီမံခန့်ခွဲမှုဆိုင်ရာစီမံချက်များ (Tech-driven Risk Management Plans) ကိုလည်း ဒီဂျစ်တယ်စနစ်ဖြင့် ကြိုတင်ရေးဆွဲထားကြရန် အလွန်ပင် လိုအပ်မည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် ဝန်ဆောင်မှုအားလုံးတွင် ဧည့်သည်များ၏ စိတ်ကျေနပ်မှု (Customer Satisfaction) သည် အဓိကကျသဖြင့် ဟိုတယ်များ၊ စားသောက်ဆိုင်များနှင့် အငှားယာဉ်ဝန်ဆောင်မှုများတွင် Digital Booking Platforms များနှင့် ပေါင်းစပ်ထားသော နွေးထွေးပျူငှာသည့် ဆက်ဆံရေးနှင့် အရည်အသွေးပြည့်မီသော ဝန်ဆောင်မှုများဖြင့် ခရီးသွားဧည့်သည်များ၏ အိပ်မက်များကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် ASEAN Tourism Strategic Plan (2016-2025) နှင့် Greater Mek-ong Sub-region Tourism Strategy ကဲ့သို့ ဒေသတွင်း မဟာဗျူဟာများကိုအခြေခံ၍ ပြည်တွင်း၌ "ရေရှည်တည်တံ့ခိုင်မြဲပြီး အများပါဝင်မှုရှိသော တာဝန်သိ ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး" ပါဝင်သော မူဝါဒ (၆) ရပ်နှင့်အညီ စမတ်ကျသည့် စီမံကိန်းများချမှတ်ကာ လူထုအခြေပြု ခရီးသွားလုပ်ငန်း (CBT - Community-Based Tourism) များကို ဒီဂျစ်တယ်နည်းပညာ အထောက်အကူပြုစနစ်များဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါသည်။

ခရီးသွားလုပ်ငန်းသည် တည်းခိုနေထိုင်ရေး၊ ကျန်းမာရေး၊ သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ လမ်းတံတား၊ စည်ပင်သာယာရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေး၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍစုံဖွံ့ဖြိုးအောင် Smart Integration & Ecosystem ဖြင့် အချိတ်အဆက်မိမိ ဖန်တီးပေးနိုင်သည့် လုပ်ငန်းဖြစ်သည်။ ထို့ကြောင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းပင်မစီမံကိန်း (၂၀၁၃-၂၀၂၀)၊ မြန်မာနိုင်ငံခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၀-၂၀၂၅) တို့ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့သလို ယခုအခါ ခေတ်မီနည်းပညာနှင့် ဒီဂျစ်တယ်အသွင်ကူးပြောင်းမှုကို အဓိကထားသည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပင်မစီမံကိန်း (၂၀၂၆-၂၀၃၀)ကို ချမှတ်အကောင်အထည် ဖော်နိုင်ရေးအတွက်လည်း သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။

ခရီးသွားဧည့်သည်များ စိတ်အေးချမ်းသာစွာ သွားလာလည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် သတင်းအချက်အလက်များကို Smart Tourism Portals နှင့် မိုဘိုင်းအက်ပလီကေးရှင်းများမှတစ်ဆင့် ပြည့်စုံလွယ်ကူလျင်မြန်စွာ ရရှိနိုင်အောင် စီစဉ်ပေးပြီး Digital Visa ကဲ့သို့သော ပြည်ဝင်ခွင့်၊ ပြည်ထွက်ခွင့်နှင့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များကို ဆက်စပ်ဝန်ကြီးဌာနများက Digital Government စနစ်များဖြင့် ဝိုင်းဝန်းပံ့ပိုးပေးရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဒေသခံများ၏ ဝင်ငွေတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး မဏ္ဍိုင်များနှင့် ချိတ်ဆက်ကာ ကမ္ဘာ့ဖွံ့ဖြိုးမှုလားရာများပေါ်မူတည်၍ မျက်ခြည်မပြတ် အဆင့်မြှင့်တင်ရန် လိုအပ်သည်။ ထို့အတူ ခရီးသွားများ၏ တာဝန်ယူမှုကို မြှင့်တင်ပေးနိုင်ရေးအတွက် အသိပညာပေးမှုများကိုလည်း Digital Media နှင့် အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့် တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကမ္ဘာ့ဈေးကွက်နှင့် ရင်ပေါင်တန်းနိုင်ရန်မှာ Digital Marketing နှင့် E-Commerce Platforms များကို အပြည့်အဝအသုံးချနိုင်ရန် လိုအပ်ပါသည်။ နိုင်ငံတကာမှ ခရီးသွားဧည့်သည်များသည် မိမိတို့ သွားရောက်လိုသည့် ဒေသများ၏ သတင်းအချက်အလက်များ၊ တည်းခိုခန်းများနှင့် ခရီးစဉ်များကို အွန်လိုင်းမှတစ်ဆင့် လွယ်ကူလျင်မြန်စွာ ရှာဖွေလိုကြသည်။ ထို့ကြောင့် ပြည်တွင်းရှိ ခရီးသွားလုပ်ငန်းရှင်များနှင့် MSMEs များအနေဖြင့် Online Payment Gateway များနှင့် ချိတ်ဆက်ထားသော Smart Booking Systems များကို တည်ဆောက်အသုံးပြုခြင်းဖြင့် နိုင်ငံတကာဧည့်သည်များကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေနှင့် စီးပွားရေးအခွင့်အလမ်းများကိုပါ သိသာထင်ရှားစွာ မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။

မျက်မှောက်ခေတ် ကမ္ဘာ့ခရီးသွားလုပ်ငန်း၏ လားရာသည် ဒေတာအခြေပြုခရီးသွားလုပ်ငန်း (Data-driven Tourism) ဆီသို့ ဦးတည်နေပြီဖြစ်ပါသည်။ ဉာဏ်ရည်တု (AI)နှင့် Big Data Analytics များကို အသုံးပြုခြင်းအားဖြင့် ခရီးသွားဧည့်သည်များ၏ နှစ်သက်ရာ စိတ်ဝင်စားမှုများကို တိကျစွာ လေ့လာဆန်းစစ်နိုင်ပြီး ဧည့်သည်တစ်ဦးချင်းစီအတွက် ကိုက်ညီမည့် Personalized Itineraries များကို ဖန်တီးပေးနိုင်ပါသည်။ ထို့အပြင် AI Chat-bots များနှင့် Smart Customer Support စနစ်များကိုပါ တပ်ဆင်အသုံးပြုခြင်းဖြင့် ဧည့်သည်များ၏ လိုအပ်ချက်များကို နေ့ရောညပါ အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးနိုင်ကာ မြန်မာ့ခရီးသွားကဏ္ဍ၏ ဝန်ဆောင်မှုစံချိန်စံညွှန်းများကို ကမ္ဘာ့အဆင့်မီအဖြစ်သို့ လျင်မြန်စွာ မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။

ခရီးသွားလုပ်ငန်းတိုးတက်ရေးသည် တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် တစ်ဖွဲ့တည်း၏ ဆောင်ရွက်မှုဖြင့် မလုံလောက်ဘဲ အစိုးရဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပြည်သူများနှင့် မီဒီယာကဏ္ဍတို့ အချင်းချင်း လက်တွဲညီညာစွာဖြင့် Digital Media နှင့် Data-driven Information Channels များမှတစ်ဆင့် တိကျမှန်ကန်သော သတင်းအချက်အလက်များကို ဖြန့်ဝေကာ မြန်မာနိုင်ငံ၏ ပုံရိပ်ကောင်းများကို ကမ္ဘာ့ရှေ့မှောက်သို့ မြှင့်တင်တင်ဆက်ကြရမည် ဖြစ်ပါသည်။

အချုပ်အားဖြင့်ဆိုရလျှင် နိုင်ငံတော်၏ အဓိကစီးပွားရေးမောင်းနှင်အားဖြစ်သော ခရီးသွားလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရန် မိမိတို့၏ မူလသဘာဝနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို စောင့်ရှောက်ထိန်းသိမ်းကာ မြန်မာတို့၏ မိတ်ဝတ်မပျက် ပျူငှာသော ဧည့်ဝတ်ကျေပွန်မှုကို ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာတို့ဖြင့် ထိရောက်အကျိုးရှိစွာ ပေါင်းစပ်လျက် ခေတ်မီဆန်းသစ်သော မြန်မာ့ခရီးသွားကဏ္ဍသစ်ကို အတူတကွ ဖော်ဆောင်ကြပါရန် လေးနက်စွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

❒ ❒ ❒

---

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ။

# အင်းတော်ကြီးဒေသ မမုန်ကိုင်ကျေးရွာအတွင်း တရားမဝင်ရွှေတူးဖော်မှုကြောင့် ပျက်စီးသွားသောမြေနေရာများ ပြုပြင်မွမ်းမံအသုံးပြုနိုင်ရေး ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၂၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ နန့်မွန်းမြို့ မမုန်ကိုင်ကျေးရွာအုပ်စု မမုန်ကိုင်ကျေးရွာအတွင်း တရားမဝင် ရွှေတူးဖော်မှုကြောင့် ပျက်စီးသွားသော မြေနေရာများ၌ ပြုပြင်မွမ်းမံအသုံးပြုနိုင်ရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်း၍ ယနေ့ညနေပိုင်းက မြစ်ကြီးနားမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးကြသည်။



အဆိုပါညှိနှိုင်းအစည်းအဝေးတွင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က အင်းတော်ကြီးဒေသသည် ကချင်ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ မဖြစ်မနေ ထိန်းသိမ်းစောင့်ရှောက်ရမည့် အဖိုးတန်ဒေသတစ်ခုဖြစ်ကြောင်း၊ ယခုအခါ မမုန်ကိုင်ကျေးရွာတွင် တရားမဝင် ရွှေတူးဖော်မှုကြောင့် ပျက်စီးသွားသောမြေနေရာများအား ပြုပြင်မွမ်းမံအသုံးပြုနိုင်ရေး၊ ပြန်လည်ထိန်းသိမ်းနိုင်ရေးလုပ်ငန်းများကို သက်ဆိုင်ရာကဏ္ဍအလိုက် အလေးအနက်ထား၍ ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သော လုပ်ငန်းအစီအမံများဖြစ်စေရေး ဝိုင်းဝန်းအကြံပြုဆွေးနွေးကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်နယ်သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးနှင့် တက်ရောက်လာကြသူများက အင်းတော်ကြီးဒေသ မမုန်ကိုင်ကျေးရွာအတွင်း တရားမဝင်ရွှေတူးဖော်မှုကြောင့် ပျက်စီးခဲ့မှုများအပေါ် ကွင်းဆင်းတွေ့ရှိချက်များနှင့် ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မြေဆီလွှာထိန်းသိမ်းရေးအတွက် သစ်ပင်များ ပြန်လည်စိုက်ပျိုးနေမှု၊ ကျေးရွာလမ်း၊ တံတား၊ မီးတိုင်များ ပြန်လည်ပြင်ဆင်ဆောင်ရွက်မည့် အခြေအနေကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ထိန်းသိမ်းဆောင်ရွက်မည့်အစီအမံများအတွက် စက်သုံးဆီ လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေး၊ လယ်မြေများ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးနှင့် ကျင်းဟောင်းအချို့ ပြန်လည်ပြုပြင်၍ ဒေသငါးမျိုးများ စမ်းသပ်မွေးမြူထုတ်လုပ်နိုင်ရေးနှင့် ကျေးရွာ၏ ပညာရေး၊ ကျန်းမာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လုပ်ငန်းကဏ္ဍအလိုက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

---

❂ *ရှေ့ဖုံးမှ*

အကွက်အမှတ်(၈-က)တွင် အဆောက်အအုံ ၆၁ လုံး (၉၇၆ ခန်း)၊ အကွက်အမှတ် (၈-ခ) တွင် အဆောက်အအုံအလုံး ၄၀ ( အခန်း ၆၄၀)၊ အကွက်အမှတ်( ၃ )တွင် အဆောက်အအုံ ၇၈ လုံး (၁၂၄၈ ခန်း)၊ အကွက်အမှတ် (၄)တွင် အဆောက်အအုံ ၁၁၂ လုံး(၁၇၉၂ခန်း) စုစုပေါင်း တိုက် ၂၉၃ လုံး (အခန်း ၄၆၆၈ ခန်း) ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းများ အရည်အသွေးပြည့်မီစွာ သတ်မှတ်ချိန်အတွင်း ပြီးစီးနိုင်ရေးကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် ကော်မတီအဖွဲ့ဝင်ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်တို့နှင့်အတူ ယနေ့တွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဝန်ထမ်းအိမ်ရာများ အသစ်ပြန်လည်တည်ဆောက်နေသည့် နေပြည်တော်ကောင်စီနယ်မြေ အကွက်အမှတ်(၈-က) ကို ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက ပွင့်လင်းရာသီ ရောက်ရှိပြီဖြစ်၍ လုပ်ငန်းများ သတ်မှတ်ချက်နှင့်အညီ ပြီးစီးရေး တွန်းအားပေးဆောင်ရွက်ရန်၊ Modular House များတွင် ယာယီနေထိုင်သည့် နိုင်ငံ့ဝန်ထမ်းများကို အမြန်ဆုံးနေရာချထားပေးနိုင်ရေးအတွက် ပြီးစီးနိုင်သည့် အိမ်ရာများကို ဦးစားပေးဆောင်ရွက်ပေးရန်၊ ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ဖြစ်စေရေးအတွက် ပညာရှင်များ၏ အကြံပြုချက်များကိုရယူ၍ ကျွမ်းကျင်အင်ဂျင်နီယာများ၊ လုပ်ငန်းအတွေ့အကြုံရှိသည့်တည်ဆောက်ရေးကုမ္ပဏီများဖြင့် ဆောင်ရွက်လျက်ရှိသောကြောင့် တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီစေရေး၊ လက်ရာသေသပ်ကောင်းမွန်စေရေး၊ လုပ်ငန်းခွင်သန့်ရှင်းရေး၊ သတ်မှတ်ကာလအတွင်း ပြီးစီးရေး ပူးပေါင်းဆောင်ရွက်ရန်နှင့် ကွန်ကရစ်လမ်း၊ လျှပ်စစ်မီး၊ ရေလိုင်းစနစ်နှင့် ရေနုတ်မြောင်းများ စသည့် Infrastructure များပါ တစ်ပါတည်း ပြီးစီးရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အိမ်ရာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် သတ်မှတ်ကာလအတွင်း ပြီးစီးရေး တွန်းအားပေးကြပ်မတ်ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး စီမံကိန်းလုပ်ငန်းခွင်အတွင်း အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ရှေ့ဖုံးမှ*

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင် လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း၊ ထိုင်းနိုင်ငံပေါ်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

---

# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဆိုင်ကယ်စီးဦးထုပ်အလုံး ၃၀၀ (အခမဲ့)ဖြန့်ဝေ

**မူဆယ် စက်တင်ဘာ ၂၆**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့၌ ပြည်သူလူထုအား လုံခြုံစိတ်ချရသော ဆိုင်ကယ်စီးဦးထုပ်အလုံး ၃၀၀ (အခမဲ့)ဖြန့်ဝေခြင်းကို ယမန်နေ့နံနက်ပိုင်းက မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှေ့ ပြည်ထောင်စုလမ်းကြီးပေါ်၌ အမှတ်(၃) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ (မန္တလေး)၊ အမှတ် (၂၀) ယာဉ်ထိန်းရဲ ဒုတပ်ဖွဲ့ခွဲ (လားရှိုး)အောက်ရှိ အမှတ် (၁၂၅) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မူဆယ်) မှ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ကျော်ဇင်ထိုက် ဦးဆောင်၍ ဆောင်ရွက်ခဲ့ကြသည်။

မော်တော်ဆိုင်ကယ် စီးနင်းမောင်းနှင်သည့် ပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ စီးနင်းမောင်းနှင်နိုင်ရန် ရည်ရွယ်၍ ဆိုင်ကယ်စီးဦးထုပ်များ ဖြန့်ဝေပေးခြင်းဖြစ်ပြီး မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်း၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်၊ မူဆယ်ခရိုင်ရဲတပ်ဖွဲ့မှူးတို့ လာရောက် အားပေးကြည့်ရှုကာ မော်တော်ဆိုင်ကယ်စီးနင်းသူများအား ဆိုင်ကယ်စီးဦးထုပ်များကို ကိုယ်တိုင် ဆောင်းပေးခဲ့ကြကြောင်း သိရသည်။



**ချယ်ရီမြေ**

---



(၆၂)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုသောအားဖြင့် လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(မန္တလေး)မှ ရဲတပ်ဖွဲ့ဝင်များ တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ စက်တင်ဘာ ၂၆ ရက်က စုပေါင်းသွေးလှူဒါန်းမှုပြုလုပ်ရာ လေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ( မန္တလေး )မှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲမှူးကြီး ထွန်းမြတ်ကျော်နှင့် ဒုတိယရဲမှူးကြီးတို့ ကြည့်ရှုအားပေးကြစဉ်။ ရဲတင့်(ပြန်/ဆက်)

---

# သဲကုန်းမြို့နယ်၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

**သဲကုန်း စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ သစ်တောဦးစီးဌာနမှ ကြီးမှူး၍ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက သဲကုန်းမြို့နယ် ပုတီးကုန်းမြို့ ချမ်းမြေ့သာယာရပ်ကွက် ဇမ္ဗူဒီပါဆန်စက်ဝင်းအတွင်း၌ကျင်းပရာ ခေတ္တမြို့နယ် အုပ်ချုပ်ရေးမှူး ဦးစောပြည့်စုံ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၀၀ က ကျွန်း ၃၅ ပင်၊ မန်ကျည်းရှား ၃၅ ပင်၊ မဟော်ဂနီ ၃၅ ပင်၊ ရေတမာပင် ၆၀၊ မဲဇလီပင် ၆၀ စသည့် ပျိုးပင်ပေါင်း ၂၂၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# တော်သလင်းလပြည့်နေ့၌ ပုဂံယဉ်ကျေးမှုနယ်မြေတွင် ခရီးသွားများဖြင့် စည်ကားများပြား



**ရန်ကုန် စက်တင်ဘာ ၂၆**

မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးတည်ရှိရာ ပုဂံယဉ်ကျေးမှုနယ်မြေ၌ ယနေ့ တော်သလင်းလပြည့်နေ့တွင် ခရီးသွားများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

"ပုဂံကို ခရီးသွားတွေ အများအပြားလာကြတာမြင်တော့ ဒေသခံတွေအနေနဲ့ ဝမ်းသာ ကြည်နူးရတယ်။ သီတင်းကျွတ်ခရီးသွားရာသီလည်း ရောက်တော့မှာဆိုတော့ ပုဂံရဲ့ခရီးသွားလုပ်ငန်း အသက်ဝင်လာပြီလို့ပြောရမှာပါ။ ပုဂံမှာ အေးချမ်းပါတယ်။ ရာသီဥတုလည်း ကောင်းမွန်တဲ့အတွက် ခရီးသွားတွေ လာရောက်လည်ပတ်ဖို့လည်း ဖိတ်ခေါ်ပါတယ်" ဟု ထီးလိုမင်းလို ဘုရားဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးတင်လှဦးက ပြောသည်။

ယနေ့ တော်သလင်းလပြည့်နေ့တွင် မနူဟာဘုရားတွင်လည်း ဆွမ်း၊ ဆီမီး၊ သစ်သီး ဆက်ကပ် ခြင်းဖြင့် ကုသိုလ်ပြုကြသူများဖြင့် စည်ကားခဲ့ပြီး ဒေသခံများက အရုပ်မျိုးစုံ သရုပ်ဖော်ပြုလုပ်၍ အတီးအမှုတ်များဖြင့် ဘုရားတွင် ကုသိုလ်ပြုလှည့်လည်ခဲ့ကြကြောင်း သိရသည်။

ထို့အတူ အထင်ကရ ဘုရား၊ စေတီများသို့ ခရီးသွားများ လာရောက်ခဲ့ကြပြီး ရွှေစည်းခုံစေတီတော်သို့ ခရီးသွား ၁၂၀၀၀ ကျော်၊ ဗူးဘုရားသို့ ခရီးသွား ၆၂၀၀ ကျော်၊ ထီးလိုမင်းလိုဘုရားသို့ ခရီးသွား ၁၅၀၀ ကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ပုဂံယဉ်ကျေးမှုနယ်မြေသို့ ခရီးသွားများ လာရောက်လည်ပတ်သည့်အခါ ဒေသခံများ၏ အလုပ်အကိုင်အခွင့်အလမ်းများပွင့်လန်းလာသည့်အတွက် လာမည့် ခရီးသွားရာသီတွင် ပြည်တွင်းပြည်ပ ခရီးသွားများ ပိုမိုလာရောက်လည်ပတ်ရန် ဒေသခံများက နွေးထွေးလှိုက်လှဲစွာ ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။

**သစ္စာ(MNA)၊ ဓာတ်ပုံ – ဖွဲ့မာန်**



# တောင်ကြီးတက္ကသိုလ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၂၆**

တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ်၌ တက္ကသိုလ်သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများက တက္ကသိုလ်ဝင်းအတွင်း၊ အပြင်ရှိ ချုံနွယ်၊ ပေါင်းမြက်များခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်တို့နှင့်အတူ သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် တက္ကသိုလ်ဝင်းအတွင်း ဓာတုဗေဒအဆောင်၊ မဥ္ဇူအဆောင်၊ မောကေရီအဆောင်နှင့် အမျိုးသမီးအဆောင်၊ သံလွင်ဦးအမျိုးသားအဆောင်နှင့် အားကစားရုံတို့တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တောင်ကြီးမြို့ ကံကြီးရပ်ကွက်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦ ဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁၁)မှ ပြည်နယ်စာရင်းစစ်ချုပ်ရုံးဝန်ထမ်းအိမ်ရာလေးခန်းတွဲ လေးထပ်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အဆောက်အအုံကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ပေးကြရန် မှာကြားကာ တည်ဆောက်ဆဲဝန်ထမ်းအိမ်ရာအဆောက်အအုံနှင့် ရုံးသစ်အဆောက်အအုံရှိ ရုံးခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**ပဲခူး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ စတုတ္ထအကြိမ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ဥဿာမြို့သစ် ရပ်ကွက်ကြီး(၉) ညောင်အင်း စက်မှုနယ်မြေအတွင်း ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက သတ်မှတ်နေရာများတွင် သစ်ပင်များ စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ သင်တန်းသား သင်တန်းသူများ၊ ကျောင်းသား ကျောင်းသူများ၊ လူမှုရေး အသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ပိတောက်၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ငုရွှေဝါ၊ မယ်ဇယ်၊ ပျဉ်းမနှင့် မဟော်ဂနီ စုစုပေါင်း သစ်ပင် ၃၀၀၀ စုပေါင်း စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





စစ်ကိုင်းမြို့နယ် လူမှုဖူလုံရေးရုံးခွဲတာဝန်ခံ ဒေါ်လှိုင်ရွှေစင်ထွန်းက စက်တင်ဘာ ၂၆ ရက်တွင် ရွှေတောင် ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီမှ အာမခံအလုပ်သမား ဦးသိန်းလှိုင်ဝင်းအား အလုပ်ခွင်ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်း အကျိုးခံစားခွင့် ငွေကျပ် ၂၂၆၈၀၀၀၀ ကို ထုတ်ပေးစဉ်။ နေလင်းအောင်(ပြန်/ဆက်)

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စိုးမြင့်အောင်၊ ချောင်းဆုံမြို့မ ရဲစခန်းမှူး ဒုတိယရဲမှူး ကိုကိုမင်းထွန်းနှင့် တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၆ရက်တွင်ချောင်းဆုံအနောက်ရပ်ကွက်ရှိ မဟာကန်တော်ကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကိုကျော်(ချောင်းဆုံ)





အောင်လံမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အောင်လံခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီးဝင်းလှိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၆ ရက်က စုပေါင်းသွေးလှူဒါန်းကြရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင် ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။ မြို့နယ်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က ကျိုက်ထိုမြို့ ကံ့ကော်ရပ်ကွက်ရှိ ရွှေဘုံသာဘုရားဝင်းအတွင်း ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး ဇော်အောင်နှင့် တပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ပြည့်ဖြိုး(ပြန်/ဆက်)

❑ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ခွေးရူးရောဂါအန္တရာယ် သတိပြုကာကွယ်

ဒေါက်တာလှိုင်ဝင်း(မွေး/ကု)

**အကြိမ်(၂၀) မြောက် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။ ယခုနှစ် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ဆောင်ပုဒ်က လက်တွဲညီညီပူးပေါင်းလို့ ခွေးရူးရောဂါတိုက်ဖျက်စို့ (Stronger Together) ဖြစ်ပါသည်။**

ပြင်သစ်သိပ္ပံပညာရှင် လူးဝစ်ပါ(စ)ချာ (Louis Pasteur) (၁၈၂၂-၁၈၉၅) က ၁၈၈၅ ခုနှစ်တွင် ခွေးရူးရောဂါကာကွယ်ဆေးကို ပထမဆုံး အောင်မြင်စွာ တီထွင်နိုင်ခဲ့ပြီး သူ့ကို ဂုဏ်ပြုသည့်အနေဖြင့် သူကွယ်လွန်ခဲ့သည့်နေ့ဖြစ်သည့် စက်တင်ဘာလ ၂၈ ရက်နေ့ကို ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ (World Rabies Day) အဖြစ် သတ်မှတ်ခဲ့ကြပါသည်။ အဆိုပါနေ့တွင် ကမ္ဘာတစ်ဝန်း ခွေးရူးရောဂါကာကွယ် တိုက်ဖျက်ရေးရက်သတ္တပတ်လှုပ်ရှားမှုများကို ၂၀၀၇ ခုနှစ်မှ စတင်၍ ခွေးရူးရောဂါကာကွယ် တိုက်ဖျက်ရေး လှုံ့ဆော်ပညာပေးဖို့ဆိုသည့် ရည်ရွယ်ချက်ဖြင့် သတ်မှတ်ကျင်းပလာခဲ့ကြသည်။




အဆိုပါနေ့တွင် **မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့်** မြန်မာနိုင်ငံတစ်ဝန်း ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံသည့် လှုပ်ရှားမှုများ၊ အသိပညာပေးဟောပြောပွဲများကို နှစ်စဉ် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၂ ခုနှစ်မှ စတင်ပြီး အခြေခံပညာကျောင်းများတွင် ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးဆိုင်ရာ လှုပ်ရှားမှုအဖြစ် လက်ကမ်းစာစောင်များ၊ ပိုစတာများ ဖြန့်ဝေပြီး အသိပညာပေးဟောပြောပွဲများကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိ မြို့နယ် အမှတ် (၃) အခြေခံပညာ အထက်တန်းကျောင်းတွင် ကမ္ဘာ့ခွေးရူးရောဂါကာကွယ်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြောပွဲ ကျင်းပနိုင်ရန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ ဟောပြောပွဲကျင်းပရာ အစည်းအဝေးခန်းမအတွင်း ရောက်ရှိနေပြီဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် ကျောင်းသား ကျောင်းသူများ ပိုမိုစိတ်ဝင်စားစွာ ပါဝင်လာစေရန် အပြန်အလှန်ဆွေးနွေးမေးမြန်း၍ ဟောပြောသည့်နည်းလမ်းဖြင့် ဆောင်ရွက်ခဲ့ပါသည်။

"အားလုံးပဲ မင်္ဂလာနံနက်ခင်းပါ။ ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနဲ့ ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာန ပြည်သူ့ကျန်းမာရေးဌာနခွဲမှာ တာဝန်ထမ်းဆောင်နေတဲ့ သုတေသနအရာရှိ ဒေါက်တာ လှိုင်ဝင်း ဖြစ်ပါတယ်။ ခွေးရူးရောဂါနဲ့ပတ်သက်ပြီး သားတို့ သမီးတို့ သိချင်တဲ့ အကြောင်းအရာတွေကို စတင်မေးမြန်းပေးဖို့ ဖိတ်ခေါ်ချင်ပါတယ်"

"ခွေးရူးရောဂါအကြောင်း ရှင်းပြပေးပါဆရာ။ ဘယ်လိုသတ္တဝါတွေမှာ ကူးစက်နိုင်တာလဲ။ ခွေးကနေပဲ အဓိကကူးစက်တာလား "

"ခွေးရူးရောဂါဆိုတာ တိရစ္ဆာန်ကနေ လူကို ကူးစက်နိုင်တဲ့ Zoonosis ရောဂါတစ်မျိုး ဖြစ်ပါတယ်။ ခွေးရူးရောဂါက Lyssa ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားပြီး ဦးနှောက်ကို ထိခိုက်ရောင်ရမ်းစေတတ်လို့ အသက်ဆုံးရှုံးစေနိုင်တဲ့ ရောဂါဖြစ်ပါတယ်။ ခွေးရူးရောဂါက ကာကွယ်ဆေးသာရှိပြီး ကုသဖို့ ဆေးမရှိတဲ့ ရောဂါဖြစ်ပါတယ်။ ရောဂါပိုးကူးစက်ခံထားရတဲ့သတ္တဝါတွေရဲ့ သွားရည်၊ တံတွေးမှတစ်ဆင့် အများဆုံး ကူးစက်ခံရနိုင်ပါတယ်။ ခွေးရူးရောဂါလို့ အများကခေါ်နေပေမယ့် ခွေးတစ်မျိုးတည်းကြောင့် ဖြစ်ရတာမဟုတ်ဘဲ သွေးနွေးသတ္တဝါ ဒါမှမဟုတ် နို့တိုက်သတ္တဝါများဖြစ်တဲ့ ဥပမာ ခွေး၊ ကြောင်၊ ကြွက်၊ မြင်း၊ မျောက်၊ နွား၊ လင်းနို့၊ လင်းဆွဲ၊ မြွေပါ၊ တောကြောင်၊ မြေခွေးနဲ့ ခွေးအ တို့ကြောင့်လည်း ရောဂါကူးစက် ဖြစ်ပွားနိုင်ပါတယ်"

"ခွေးရူးရောဂါက ဘယ်လိုကူးစက်ပြီး သေဆုံးမှု ဖြစ်စေနိုင်တာလဲ"

"ခွေးရူးရောဂါအစက လင်းနို့၊ လင်းဆွဲတွေက အစပြုပါတယ်။ ဒီလင်းနို့၊ လင်းဆွဲတွေကနေ တောရိုင်းတိရစ္ဆာန်တွေကူးစက်ပါတယ်။ အဲဒီနောက် အိမ်မွေးခွေး၊ ကြောင်စတဲ့ တိရစ္ဆာန်တွေကို ကူးစက်ပြီး လူနဲ့အနေနီးစပ်လို့ လူတွေကိုပါ ကူးစက်ဖြစ်ပွားပြီး သေဆုံးနိုင်တဲ့ ရောဂါဖြစ်ပါတယ်။ ခွေးရူးရောဂါပိုးက ခွေးရူးရောဂါဖြစ်နေတဲ့သတ္တဝါတွေရဲ့ သွားရည်၊ တံတွေးကနေတစ်ဆင့် အဓိက ကူးစက်နိုင်ပါတယ်။ ခွေးရူးပြန်နေတဲ့ ခွေး၊ ကြောင်တွေရဲ့ အကိုက်ခံရခြင်း၊ ကုတ်ခြစ်ခံရတာတွေအပြင် အနာ၊ ဒဏ်ရာ၊ မျက်စိ၊ ပါးစပ်တွေကို အဲဒီခွေး၊ ကြောင်တွေက လျှာနဲ့ အလျက်ခံရရင်လည်း ခွေးရူးရောဂါပိုး ကူးစက်ဖြစ်ပွားနိုင်ပါတယ်။ ခွေးရူးရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးက အကိုက်ခံရတဲ့နေရာမှာပွားများပြီး အာရုံခံနာဗ်ကြောများနှင့် ကြောရိုးအာရုံကြောမကြီးကတစ်ဆင့် ဦးနှောက်ဆီကို ပျံ့နှံ့ဝင်ရောက်ပါတယ်။

"တစ်ရက်ကို ၁၂-၂၄ မီလီမီတာနှုန်းနဲ့ ရွေ့လျားပျံ့နှံ့နိုင်ပါတယ်။ ခန္ဓာကိုယ်အတွင်းကို ရောဂါပိုးဝင်ရောက်တဲ့အချိန်ကနေ ရောဂါလက္ခဏာစတင်ပြတဲ့အချိန်ရဲ့ ကြားကာလကို ရောဂါပိုးပျိုးကာလလို့ ခေါ်ပါတယ်။ ရောဂါပိုးပျိုးကာလအနေနဲ့ အစောဆုံး ငါးရက်မှ သုံးလအတွင်းအဖြစ်များပြီး တစ်ခါတစ်ရံ ခြောက်နှစ်ကနေ ဆယ်နှစ်အထိ ရောဂါပိုးပျိုးကာလ ကကြာတတ်ပါတယ်။ ခွေးရူးရောဂါပိုးဟာဦးနှောက်ကနေ တံတွေးအိတ်သို့ စတင်ပျံ့နှံ့ချိန်မှာ ခွေးရူးရောဂါလက္ခဏာတွေ စတင်ပေါ်ပေါက်လာပါတယ်။ ဒါကြောင့် ရောဂါကူးစက်နိုင်တဲ့အချိန်ကာလက ရောဂါလက္ခဏာ စပြတဲ့အချိန်ကနေ သေဆုံးတဲ့အချိန်အထိ တစ်ပတ်ဆယ်ရက်ခန့် ဖြစ်နိုင်ပါတယ်"

"ကမ္ဘာပေါ်မှာ ခွေးရူးရောဂါရဲ့ ကူးစက်ပျံ့နှံ့မှု အခြေအနေကိုလဲ သိချင်ပါတယ်"

"ခွေးရူးရောဂါက အာရှနဲ့ အာဖရိကနိုင်ငံတွေရဲ့ ဆင်းရဲတဲ့ ကျေးရွာတွေမှာ ဖြစ်ပွားမှုများတာ တွေ့ရပါတယ်။ ကမ္ဘာပေါ်မှာ ၁၅ မိနစ်ကို လူတစ်ယောက်နှုန်း ခွေးရူးပြန်ပြီး သေဆုံးနေပါတယ်။ ကမ္ဘာတစ်ဝန်းမှာ တစ်နှစ်ကို ခွေးရူးရောဂါကြောင့် သေဆုံးသူလူဦးရေ ၅၉၀၀၀ ခန့်ရှိကြောင်း သိရှိရပါတယ်။ အာရှနဲ့ ပစိဖိတ်ဒေသမှာ ခွေးရူးရောဂါကြောင့် ကလေးသူငယ် ထိခိုက်သေဆုံးမှု ၄၀ ရာခိုင်နှုန်းရှိကြောင်း သိရှိရပါတယ်။ လူမှာ ကူးစက်ခံရတာရဲ့ ၉၉ ရာခိုင်နှုန်းက ခွေးကိုက်ခံရခြင်းကနေတစ်ဆင့် အများဆုံးဖြစ်တာ တွေ့ရပါတယ်။ အထူးသဖြင့် လမ်းဘေးလေလွင့် ခွေးအကိုက်ခံရမှုကြောင့် ကူးစက်ခံရတာအများဆုံးဖြစ်တာကို တွေ့ရပါတယ်။ ဒါကြောင့် ကိုယ့်အိမ်မွေး ခွေး၊ ကြောင်တွေကို လမ်းဘေးလေလွင့် ခွေးကြောင်တွေထံကနေ ရောဂါကူးစက်မခံရအောင် ခွေး၊ ကြောင်အသက် လေးလသားခန့်ကစပြီး ခွေးရူးရောဂါ ကာကွယ်ဆေးကို ကြိုတင် နှစ်စဉ်ပုံမှန်ထိုးနှံသင့်ပါတယ်။ တကယ်လို့ ခွေး၊ ကြောင်အကိုက်ခံရရင် ၂၄ နာရီအတွင်း အကိုက်ခံရတဲ့သတ္တဝါကို သတ်မှတ်ထားတဲ့နည်းလမ်းနဲ့ အညီ ခွေးရူးရောဂါကာကွယ်ဆေးထိုးတာ အကောင်းဆုံးဖြစ်ပါတယ်"

"ခွေးမှာ ခွေးရူးရောဂါဖြစ်နေကြောင်း ဘယ်လို ခွဲခြားသိနိုင်မလဲ"

"ခွေးရူးရောဂါဖြစ်နေတဲ့ ခွေးအမျိုးအစား နှစ်မျိုးရှိပါတယ်။ ကြမ်းတမ်းတဲ့ ခွေးရူးပုံစံက ခွေးရဲ့ အမူအရာ၊ အနေအထိုင်တွေ ဦးစွာပြောင်းလဲလာတယ်။ အကြောင်းမဲ့ ဟိုပြေးဒီပြေး ဖြစ်နေတတ်တယ်။ စိတ်ဆိုးအမျက်ထွက်အောင် မလုပ်ဘဲနဲ့ ရန်လိုနေပြီး ကိုက်တတ်တယ်။ တုတ်ချောင်း၊ လှောင်အိမ်သံဆန်ခါနဲ့ စက္ကူစတွေကို ထူးထူးဆန်းဆန်း ဒေါသနဲ့ ကိုက်စားနေတတ်တယ်။ အသံအက်အက်နဲ့ တစ်နေကုန် ဟောင်နေ အူနေတတ်တယ်။ အစာသိပ်မစားတော့တာ၊ ရန်လိုတတ်တာ၊ ပြောစကားနားမထောင်တာ၊ ပါးစပ်က အမြုပ်တစီစီနှင့် သွားရည်များကျနေတတ်တာမျိုး တွေ့ရပါတယ်။

"ခွေးကောင်းတွေက ခွေးရူးနောက်က လိုက်ဟောင်တာမျိုးလည်း တွေ့ရပါတယ်။ အကြောသေတဲ့ခွေးရူးပုံစံမှာ လေဖြတ်ခြင်း ခံထားရတာကြောင့် ကြွက်သားတွေ မသန်မာတော့ဘဲ ယိုင်တိယိုင်တိုင်နဲ့ သွားလာတတ်ပါတယ်။ လေဖြတ်ခြင်းကြောင့် အောက်မေးရိုးပိတ်မရဘဲ သွားရည်တွေ တွဲလောင်းကျပြီး ပါးစပ်အဟောင်းသားနဲ့ သွားလာတတ်တယ်။ များသောအားဖြင့် မှောင်ပြီး တိတ်ဆိတ်တဲ့နေရာတွေမှာ ငြိမ်ငြိမ်လေး အိပ်နေတတ်ပါတယ်။ ဘာလက္ခဏာမှ မပြဘဲ ငြိမ်ကုတ်နေတာလည်း တွေ့နိုင်ပါတယ်။ ခွေးရူးတွေဟာ ရောဂါလက္ခဏာစပြီး ၁၀ ရက်အတွင်း သေဆုံးလေ့ရှိပါတယ် "

"ရပ်ကွက်၊ ကျေးရွာထဲ၊ အိမ်မှာ ခွေးကရူးနေပြီလို့ သံသယရှိရင် ဘယ်လိုလုပ်ရမလဲ"

"သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးကတစ်ဆင့် မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနကို အမြန်ဆုံး အကြောင်းကြားရပါမယ်။ အခြားခွေးတွေနဲ့ မရောနှောမိစေဖို့ သံသယရှိတဲ့ ခွေး၊ ကြောင်ကို လုံခြုံစိတ်ချရတဲ့နေရာမှာ ဖမ်းဆီးထိန်းသိမ်းထားရပါမယ်။ ရပ်ကွက်၊ ကျေးရွာထဲ သို့မဟုတ် မိမိအိမ်မှာ မွေးမြူထားတဲ့ အခြားခွေးတွေကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းတွေကို အကြောင်းကြားပြီး ခွေးရူးရောဂါကာကွယ်ဆေးကို အချိန်မီထိုးနှံရပါမယ်"

"လူကို ခွေး၊ ကြောင်အကိုက်ခံရရင် ဘာတွေလုပ်ရမလဲ ဆရာ"

"လူကို ခွေး၊ ကြောင် အကိုက်ခံရရင် ရှေးဦးသူနာပြုနည်းနဲ့ စတင်ဆောင်ရွက်ရပါမယ်။ အကိုက်ခံရတဲ့ ဒဏ်ရာကို ချက်ချင်းဆပ်ပြာနဲ့ ရေကိုသုံးပြီး ၁၀-၁၅ မိနစ်ခန့်ကြာ ရေနဲ့လောင်းပြီး ဆေးကြောရပါမယ်။ ဆပ်ပြာမရနိုင်ရင်လည်း ရေနဲ့သာ ဆေးကြောနိုင်ပါတယ်။ ၇၀ ရာခိုင်နှုန်း ပါဝင်တဲ့ အရက်ပြန် သို့မဟုတ် ဆေးဝါရည်နဲ့ ဒဏ်ရာကို သေချာစွာ သန့်စင်သင့်ပါတယ်။ အဲဒီနောက် အကိုက်ခံရပြီး ၂၄ နာရီအတွင်း တတ်နိုင်သမျှ အမြန်ဆုံးကုသမှုခံယူဖို့နဲ့ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနိုင်ဖို့ အတွက် လူနာကို ကျန်းမာရေးစောင့်ရှောက်မှုဌာန၊ ဆေးရုံ/ဆေးခန်းကို ခေါ်သွားပြီး ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ရပါမယ်"

"လူကို ခွေး၊ ကြောင်အကိုက်ခံရတိုင်း ခွေးရူးပြန်ရောဂါဖြစ်တတ်ပါသလား။ ခွေးရူးရောဂါ ကာကွယ်ဆေးမထိုးဘဲ ၁၀ ရက် စောင့်ကြည့်သင့်ပါသလား"

"ခွေး၊ ကြောင်ကိုက်ခံရတိုင်း ခွေးရူးပြန်ရောဂါ မဖြစ်တတ်ပါဘူး။ ခွေးရူးရောဂါ လက္ခဏာပေါ်လာရင် ကုသဖို့ ဆေးမရှိပါဘူး။ ဒါကြောင့် ခွေးကိုက်တိုင်း ခွေးရူးရောဂါ ကာကွယ်ဆေးထိုးရင်းနဲ့သာ ခွေးရူး/မရူးကို ၁၀ ရက် စောင့်ကြည့်သင့်ပါတယ်။

> **❝ ခွေး၊ ကြောင်ကိုက်ခံရတိုင်း ခွေးရူးပြန်ရောဂါ မဖြစ်တတ်ပါဘူး။ ခွေးရူးရောဂါ လက္ခဏာပေါ်လာရင် ကုသဖို့ဆေးမရှိပါဘူး။ ဒါကြောင့် ခွေးကိုက်တိုင်း ခွေးရူးရောဂါကာကွယ်ဆေးထိုးရင်းနဲ့သာ ခွေးရူး/မရူးကို ၁၀ ရက် စောင့်ကြည့်သင့်ပါတယ်။ တကယ်လို့ ကာကွယ်ဆေးမထိုးဘဲ ၁၀ ရက် စောင့်ကြည့်ရင်းနဲ့ ခွေးရူးသွားပါမှ ခွေးရူးရောဂါကာကွယ်ဆေး စတင်ထိုးရင် တစ်ခါတစ်ရံ ဆေးအာနိသင်ရရှိမှု အချိန်မမီလို့ အသက်အန္တရာယ်စိုးရိမ်ရတတ်ပါတယ်။ ပုံမှန် ခွေးရူးရောဂါကာကွယ်ဆေးက ဆေးထိုးပြီး ၁၄ ရက်ရှိမှ ကာကွယ်ဆေးအာနိသင် စတင်ရရှိတာမို့ ခွေးကိုက်ခံရပြီး ၂၄ နာရီအတွင်း ခွေးရူးရောဂါကာကွယ်ဆေးထိုးတာ စိတ်အချရဆုံးဖြစ်ပါတယ်။ ခွေးရူးကိုက်ခံရခြင်း၊ ဦးခေါင်း၊ လည်ပင်းနဲ့ လက်ချောင်းတို့မှာ အကိုက်ခံရခြင်းနဲ့ အကိုက်ခံရမှု ကြီးမားများပြားတဲ့အခါ ပုံမှန်ခွေးရူးရောဂါ ကာကွယ်ဆေးအပြင် အရေးပေါ်ကာကွယ်ဆေးလို့ခေါ်တဲ့ ပဋိပစ္စည်းခုခံအားပါပြီးသားဆေးနဲ့ အရေးပေါ်ဆေးကုသဖို့ လိုအပ် ❞**

စာမျက်နှာ ၁၁ သို့

# ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အသစ်ဆောက်လုပ်မည့် ဗုဒ္ဓဥယျာဉ်ပြတိုက်အဆောက်အအုံ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနားကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း အသစ်ဆောက်လုပ်မည့် ဗုဒ္ဓဥယျာဉ်ပြတိုက် အဆောက်အအုံ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ရာ ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာ တောရကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဓဇ၊ သီရိပျံချီ၊ ဖဒူးဝါး ဘဒ္ဒန္တကောဝိဒ ဝစီပိတ်ဆရာတော် အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့်တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ အလှူရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နိုင်ငံတော်ဩဝါဒါစရိယ၊ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသာမိထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ရတနာအုတ်မြစ်တော်များနှင့် လှူဖွယ်များကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ (ဓါတ်ပုံ) ထို့နောက် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွား ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

**အနုမောဒနာတရားနာယူ**

ယင်းနောက် တိုင်းမှူးနှင့် တက်ရောက် လာကြသူများက ရှမ်းပြည်နယ် ဗုဒ္ဓတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဆရာတော် ဘဒ္ဒန္တဝိစိတ္တာဘိပါလထံမှ အနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ တောင်းပန်လွှာ စာတမ်းဖတ်ကြားလျှောက်ထားသည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် သံဃာတော်များ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက ရတနာအုတ်မြစ်တော်များ ပင့်ဆောင်ကြသည်။ ထို့နောက် သံဃာတော်များ ဦးဆောင်၍ ရတနာ အုတ်မြစ်တော်များကို စီသွင်းလှူဒါန်းပူဇော်ကြပြီး ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။

**ရွှေမိုးငွေမိုးရွာသွန်းဖြိုး**

ယင်းနောက် သံဃာတော် အရှင်သူမြတ်များက မင်္ဂလာ အောင်ဂါထာတို့ကို ရွတ်ပွားချီးမြှင့်တော်မူကြပြီး ဗုဒ္ဓဥယျာဉ်ပြတိုက် အဆောက်အအုံ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




## စလင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်

**စလင်း စက်တင်ဘာ ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ ယမန်နေ့က မင်းဘူးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးလွင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စလင်းမြို့နယ်ရှိ ပြည်သူ့လုံခြုံရေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် ၁၁ ဦးအား ထောက်ပံ့ခဲ့ပြီး အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းရှိ ကျောင်းစာကြည့်တိုက်အတွက် လိုအပ်သည့် စာအုပ်၊ စာစောင်များ ဝယ်ယူနိုင်ရန် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌက ငွေကျပ်သုံးသိန်းကို အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးအောင်မြင့်ထွန်းထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စလင်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ဆေးကုသမှု ခံယူနေသည့် လူနာ ၃၃ ဦးတို့အား တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ စီ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

**မောင်လွင်(စလင်း)**

**သက်ရှိလောက တည်မြဲဖို့ သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့။**

*စာမျက်နှာ ၁၀ မှ*

တကယ်လို့ ကာကွယ်ဆေးမထိုးဘဲ ၁၀ ရက်စောင့်ကြည့်ရင်းနဲ့ ခွေးရူးသွားပါမှ ခွေးရူးရောဂါကာကွယ်ဆေး စတင်ထိုးရင် တစ်ခါတစ်ရံဆေးအာနိသင်ရရှိမှု အချိန်မမီလို့ အသက်အန္တရာယ်စိုးရိမ်ရတတ်ပါတယ်။ ပုံမှန်ခွေးရူးရောဂါကာကွယ်ဆေးက ဆေးထိုးပြီး ၁၄ ရက်ရှိမှ ကာကွယ်ဆေးအာနိသင် စတင်ရရှိတာမို့ ခွေးကိုက်ခံရပြီး ၂၄ နာရီအတွင်း ခွေးရူးရောဂါ ကာကွယ်ဆေးထိုးတာ စိတ်အချရဆုံးဖြစ်ပါတယ်။ ခွေးရူးကိုက်ခံရခြင်း၊ ဦးခေါင်း၊ လည်ပင်းနဲ့ လက်ချောင်းတို့မှာ အကိုက်ခံရခြင်းနဲ့ အကိုက်ခံရမှု ကြီးမားများပြားတဲ့အခါ ပုံမှန်ခွေးရူးရောဂါကာကွယ်ဆေးအပြင် အရေးပေါ်ကာကွယ်ဆေးလို့ ခေါ်တဲ့ ပဋိပစ္စည်းခုခံအားပါပြီးသားဆေးနဲ့ အရေးပေါ်ဆေးကုသဖို့ လိုအပ်ပါတယ်”

“လူမှာ ခွေးရူးပြန်ရောဂါဖြစ်ပွားရင် ဘယ်လိုလက္ခဏာတွေ တွေ့နိုင်ပါသလဲ”

“လူမှာ ခွေးရူးပြန်ရောဂါဖြစ်ပွားရင် ပထမဦးစွာ ခွေးကိုက်ခံရတဲ့နေရာမှာ နာကျင်ခြင်း၊ ယားယံခြင်းတွေ ခံစားရပါတယ်။ ဖျားတာ၊ နွမ်းနယ်တာ၊ ခေါင်းကိုက်တာကို နှစ်ရက်ကနေ လေးရက်ခန့် ခံစားရပါတယ်။ ရေကို မကြည့်ရဲတာ၊ ရေမသောက်ရဲဘဲ ကြောက်လန့်တာ၊ အသံ၊ အလင်းရောင်၊ လေတိုက်တာတို့ကို ခံနိုင်ရည်မရှိတော့တာမျိုး၊ စိတ်ဆိုးဒေါသထွက်တာ၊ သည်းမခံနိုင်တာ၊ စိတ်ခုတ်ကျဆင်းတာမျိုး တွေ့ရပါတယ်။ ထူးကဲစွာ သွက်လက်စွာ တုံ့ပြန်တတ်ပါတယ်။ သေတော့မှာကို ကြောက်ရွံ့တာမျိုး၊ ရောဂါရင့်လာတဲ့အခါ ရေကို မြင်ရုံနဲ့ လည်ပင်း၊ လည်ချောင်းတစ်လျှောက် ကြွက်သားများ ကျုံ့တာ၊ ညှစ်တာတို့ကြောင့် လည်ပင်းတစ်ဆို့ခြင်းဖြစ်တာတွေ့ရပါတယ်။ ရောဂါခံစားရတဲ့ကာလအနေနဲ့ မသေဆုံးမီအထိ နှစ်ရက် သုံးရက်ခန့် ကြာမြင့်လေ့ရှိပါတယ်။ နောက်ဆုံးမှာတော့ ဦးနှောက်အမြှေးပါးရောင်ခြင်းနဲ့ ရောဂါပြင်းထန်ပြီး သေဆုံးသွားပါတယ်”

“ခွေးရူးရောဂါကူးစက်ခံရမှုဖြစ်စဉ်မှာ ၄၀ ရာခိုင်နှုန်း ကလေးသူငယ်တွေမှာ အဖြစ်များတယ်လို့ သိရပါတယ်။ ဒါကြောင့် ကလေးသူငယ်တွေအနေနဲ့ ခွေး၊ ကြောင် အကိုက်မခံရအောင်နဲ့ ခွေးရူးရောဂါကူးစက်ခံရမှုမဖြစ်အောင် ဆောင်ရန်၊ ရှောင်ရန်လေးတွေကို ပြောပြပေးပါဦး”

“ကလေးသူငယ်တွေအနေနဲ့ ခွေးကြောင် အကိုက်မခံရအောင် နေထိုင်နည်းတွေကို အရင်ပြောပြချင်ပါတယ်။ လမ်းဘေးလေလွင့်ခွေးတွေ့ရင် ဝေးဝေးက ရှောင်သွားရပါမယ်။ ခွေး၊ ကြောင်တွေကို မစပါနဲ့။ တုတ်၊ ခဲတို့နဲ့ မပစ်ပေါက်ပါနဲ့။ ခွေးကို စူးစိုက်ကြည့်တာတွေ၊ ခွေးအနားက ဖြတ်ပြေးတာမျိုးတွေ မလုပ်ရပါဘူး။ ခွေးပေါက်စ၊ ကြောင်ပေါက်စတွေအနား မသွားပါနဲ့။ ခွေး၊ ကြောင် အမေကြီးတွေက ကိုက်တတ်ပါတယ်။ ခွေးက အနားလာရင် တည်ငြိမ်စွာ ငြိမ်ငြိမ်လေးရပ်နေရပါမယ်။ မပြေးရပါဘူး။ ခွေး၊ ကြောင်မွေးမြူထားပါက ရင်းနှီးစွာ လက်ပွန်းတတီး နေထိုင်တာမျိုး၊ ဖက်ရမ်းနမ်းရှုပ်တာမျိုးမလုပ်သင့်ပါဘူး။ ခွေး၊ ကြောင်ကို ကိုင်တွယ်ပြီးတာနဲ့ လက်ကို ရေနဲ့ စနစ်တကျဆေးကြောသင့်ပါတယ်။ မွေးမြူထားတဲ့ ခွေးကြောင်တွေကို အသက် (၃-၄)လသားကစပြီးခွေးရူးရောဂါကာကွယ်ဆေးကို နှစ်စဉ် ပုံမှန်ထိုးနှံပေးသင့်ပါတယ်”

“ခွေးရူးရောဂါ ကူးစက်ပျံ့နှံ့မှုမှာ လမ်းဘေးလေလွင့်ခွေးကတစ်ဆင့် ကူးစက်မှုအများဆုံးဖြစ်တယ်ဆိုတာ သိရပါတယ် ဆရာ။ လမ်းဘေးလေလွင့်ခွေးနဲ့ပတ်သက်ပြီး ဘယ်လိုဆောင်ရွက်သွားသင့်ပါသလဲ”

“လမ်းပေါ်မှ ခွေးလေ၊ ခွေးလွင့်တွေနဲ့ မရောနှောမိစေဖို့ ဂရုစိုက်ပါ။ အပြင်ထွက်ရင် ခွေးချည်ကြိုးနဲ့ သေချာချည်ပြီးမှ ထွက်ပါ။ မိမိမွေးမြူထားတဲ့ အိမ်မွေးတိရစ္ဆာန်တွေကို အာဟာရပြည့်ဝတဲ့ အစားအစာတွေ ဝလင်စွာကျွေးပါ။ မိမိမွေးမြူထားတဲ့ ခွေး၊ ကြောင်တွေကို သင်းကွပ်ခြင်း၊ သန္ဓေတားဆေးထိုးခြင်းဖြင့် မလိုလားတဲ့ အကောင်ရေတိုးပွားခြင်းကို လျှော့ချနိုင်ပြီး ခွေးလေ၊ ခွေးလွင့်အရေအတွက်ကို ထိန်းချုပ်ခြင်းဖြင့် ခွေးရူးရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်ပါတယ်”

“ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနဲ့ပတ်သက်ပြီး ဆရာတို့ဌာနအနေနဲ့ ဆောင်ရွက်နေတဲ့အခြေအနေကို ပြောပြပေးပါ”

“မွေးမြူရေးနဲ့ကုသရေးဦးစီးဌာနအနေနဲ့ ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေး မျှော်မှန်းချက်အနေနဲ့ မြန်မာနိုင်ငံမှာ ၂၀၃၀ ပြည့်နှစ်ရောက်ရင် ခွေးရူးရောဂါကြောင့် လူနဲ့တိရစ္ဆာန်တွေမှာ သေဆုံးမှုမရှိစေရေး မျှော်မှန်းပြီး ဆောင်ရွက်နေပါတယ်။ နှစ်စဉ် စက်တင်ဘာ ၂၈ ရက် ဝန်းကျင်မှာ ခွေးရူးရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေနဲ့ ခွေးရူးရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်း၊ ခွေးရူးရောဂါအကြောင်း အသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်တွေ ဖြန့်ဝေပေးခြင်းတွေကို တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးမှာ စနစ်တကျဆောင်ရွက်ပေးနေပါတယ်။ သံသယဖြစ်ဖွယ် ခွေးရူးရောဂါဖြစ်ပွားနိုင်တဲ့ တိရစ္ဆာန်တွေရဲ့ နမူနာပစ္စည်းတွေရယူပြီး ခွေးရူးရောဂါဆိုင်ရာ ဓာတ်ခွဲစစ်ဆေးခြင်းကို ဇီဝလုံခြုံမှုအဆင့်(၂)ရှိတဲ့ ရန်ကုန်နဲ့ မန္တလေးတိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွေမှာ ဆောင်ရွက်ပေးနေပါတယ်။ မွေးမြူရေးနဲ့ ကုသရေးဦးစီးဌာနအနေနဲ့ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ စည်ပင်သာယာရေးဦးစီးဌာန စတဲ့ဆက်စပ်ဌာနတွေနဲ့ ပူးပေါင်းပြီး “တစ်ခုတည်းသော ကျန်းမာရေးချဉ်းကပ်မှုပုံစံနဲ့ “လက်တွဲညီညီ ပူးပေါင်းလို့ ခွေးရူးရောဂါတိုက်ဖျက်စို့” ဆောင်ပုဒ်နဲ့အညီ ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို စနစ်တကျဆောင်ရွက်လျက်ရှိပါတယ်”

“ကျွန်တော်တို့သိချင်တာတွေကို နားလည်အောင် ရှင်းပြပေးလို့ ဆရာ့ကို ကျေးဇူးတင်ပါတယ်ခင်ဗျ”

“အခုလို စိတ်ပါဝင်စားစွာနဲ့ မေးမြန်းကြတဲ့ သားတို့သမီးတို့အားလုံးကို ဆရာကလည်း ဝမ်းမြောက်စွာနဲ့ ကျေးဇူးတင်ပါတယ်။ ယခုဆွေးနွေးမေးမြန်းထားတဲ့ ခွေးရူးရောဂါအကြောင်း သိကောင်းစရာတွေကို သားတို့ သမီးတို့ အိမ်မှာပြန်ပြောပေးကြပါ။ သားတို့ သမီးတို့ ရပ်ကွက်၊ ကျေးရွာတွေမှာလည်း အသိပညာတွေ ထပ်ဆင့်ဖြန့်ဝေပေးဖို့ ဆရာက တောင်းဆိုချင်ပါတယ်”

“အသိပညာပေးဟောပြောပွဲရဲ့ အနှစ်ချုပ်အနေနဲ့ မိမိအိမ်မှာ မွေးမြူထားတဲ့ ခွေး၊ ကြောင်တွေကို အသိရှိရှိနဲ့ ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းက မိမိနဲ့မိသားစုကိုသာမကဘဲ လူ့အဖွဲ့အစည်းတစ်ခုလုံးကို ခွေးရူးရောဂါရဲ့အန္တရာယ်ကနေ ကာကွယ်နေခြင်းဖြစ်ပါတယ်။ ခွေးရူးပြန်ရောဂါဖြစ်ပါက ၁၀၀ ရာခိုင်နှုန်းပြည့် အသက်ဆုံးရှုံးနိုင်ပါတယ်။ ဒါကြောင့် ချက်ချင်းအချိန်မီ ကာကွယ်ဆေးထိုးခြင်းဖြင့် ခွေးရူးရောဂါကို အလွယ်တကူကာကွယ်နိုင်ပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်းလုပ်ငန်းတွေနဲ့ အသိပညာပေးခြင်းလုပ်ငန်းတွေမှာ သားတို့ သမီးတို့လည်း တတ်နိုင်တဲ့အခန်းကဏ္ဍကနေပြီး “လက်တွဲညီညီ ပူးပေါင်းလို့ ခွေးရူးရောဂါ တိုက်ဖျက်စို့” ဆောင်ပုဒ်နဲ့အညီ ၂၀၃၀ ပြည့်နှစ်မှာ ခွေးရူးရောဂါကြောင့် လူနဲ့တိရစ္ဆာန် သေဆုံးမှုမရှိစေဖို့အတွက် အားလုံးပူးပေါင်းဆောင်ရွက်ပေးဖို့ ဖိတ်ခေါ်လိုက်ပါတယ်”

အသိပညာပေးဟောပြောပွဲသို့ တက်ရောက်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူ ၁၀၀ မှ တစ်ဆင့် ကျောင်းသား ကျောင်းသူများ၏ မိဘများ၊ မိသားစုဝင်များ၊ ရပ်ရွာမှ ပြည်သူလူထုအထိပါ တစုတစည်းတည်း အသိပညာဖြန့်ဝေပေးနိုင်ကာ ခွေးရူးရောဂါ အသိပညာများ ဆထက်တိုးပြန့်ပွားပြီး ခွေးရူးရောဂါအန္တရာယ်ကို သတိပြုကာကွယ်သွားနိုင်ကြမည်ဟု ယုံကြည်မိပါသည်။ ။

# ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာကိုယ်ထည်တိုက်စားခံရမှုနေရာများနှင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုကြောင့် ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ် ငါးမြို့နယ်တို့တွင် ရေဝင်ရောက်ခဲ့ခြင်းများအား တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၆**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ရေဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်းရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ(ရေဝတီမြစ်ခွဲ)တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည်တိုက်စားကာ ဆည်မြောင်းတာ အိပ်ပဲ့ကျမှုဖြစ်ပွားခဲ့သည့်နေရာနှင့် အဆိုပါနေရာအနီး တစ်ဝိုက် မြစ်ရေတိုက်စားမှုကြောင့် မြေသားထပ်မံပြိုကျမှုဖြစ်ပေါ်ခဲ့သည့် နေရာများတွင် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တာကိုယ်ထည်တိုက်စား၍ အိပ်ပဲ့ပြိုကျမှုဖြစ်ပေါ်လျက်ရှိသည့်နေရာများ၌ ရေတိုက်စားမှုကာကွယ်နိုင်ရန်အတွက် ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ တာမိုင်အမှတ်(၁၁/၅) နှင့် (၁၁/၆) ကြားတွင် ယာယီပန်းတာ တည်ဆောက်ပြီးစီးသည့်နေရာ၏ Upstream Slope နှင့် Downstream Slope နေရာများ၌ သဲအိတ်စီ၍ တာခြေထောက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏အောက်ခံ မြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်းရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ် ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက်ခုနစ်ခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းအား(Geobags)အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ကာကွယ်ခြင်း၊ Steel Sheet Pile များတောင့်တင်းခိုင်မာစေရန်အတွက် (Geobags) အိတ်များချခြင်း၊ (Jumbo Bag) အိတ်များချခြင်းလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကဝမြို့နယ်၌ စပါး၊ ပဲမျိုးစုံနှင့် လယ်ယာသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအသိပညာပေးဆွေးနွေး



**ကဝ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် စပါး၊ ပဲမျိုးစုံနှင့် လယ်ယာသီးနှံများတွင် ပိုးသတ်ဆေး ဓာတ်ကြွင်းကင်းစင်ရေးအသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ ဦးစီးမှူး ဦးမြတ်မင်းထွေးနှင့် မြို့နယ် အထွေထွေ အုပ်ချုပ်ရေးမှူး ဦးရဲထွန်း၊ စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး ဦးဇော်လင်းနှင့် တာဝန်ရှိသူများက စပါး၊ ပဲမျိုးစုံနှင့် လယ်ယာသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ရေးအတွက် စိုက်ပျိုးရေးသုံးပိုးသတ်ဆေးများကို ဘေးကင်းမှန်ကန်စွာ အသုံးပြုနိုင်ရေးလမ်းညွှန်ချက်များ၊ အင်းဆက်ပိုးမွှား ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းပညာများကို ပညာပေးဆွေးနွေးခဲ့ကြရာ တက်ရောက်လာသော တောင်သူများ၊ စိုက်ပျိုးရေးဆေးကုမ္ပဏီ ဝန်ထမ်းများနှင့် အရောင်း ကိုယ်စားလှယ်များက မိမိတို့သိရှိလိုသည်များကို မေးမြန်းကြပြီး ဆွေးနွေးသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ရဲဇော်ဟိန်း(ပြန်/ဆက်)**

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ

## အနောက်တိုင်းဆေးရောနှောပြီး မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ်စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် သတင်းပေးတိုင်ကြားချက်အရ အမှတ် ၁၇၁၊ အပိုင်း ၄၊ ၈ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့လိပ်စာသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးဝါးကြီးကြပ်ရေးကော်မတီမှ ရှောင်တခင်ဝင်ရောက်စစ်ဆေးခြင်းဖြင့် ရှာဖွေတွေ့ရှိရသော တိုင်းရင်းဆေးဝါးများဖြစ်သည့် အာရှရွှေကြယ်အမှတ်တံဆိပ် အဆစ်အမျက်ရောင်ရောဂါသောက်ဆေး (ဆေးမှုန့်/ဆေးထုပ်)၊ အာရှရွှေကြယ်အမှတ်တံဆိပ် ချောင်းဆိုးရင်ကျပ်သောက်ဆေး (ဆေးမှုန့်/ ဆေးထုပ်)၊ ရတနာဖြိုး အမှတ်တံဆိပ် အဆစ်ရောင်ရောဂါသောက်ဆေး (ဆေးမှုန့်/ဆေးထုပ်)နှင့် ဆေးတံဆိပ်ပါဝင်ခြင်းမရှိသော ဆေးမှုန့်/ဆေးထုပ်တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ အနောက်တိုင်းဆေးဝါး(Paracetamol) ရောနှောထားခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါသဖြင့် အများပြည်သူသုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|
| ၁။ | အာရှ ရွှေကြယ် | အဆစ်အမျက် ရောင်ရောဂါ သောက်ဆေး | ဆေးမှုန့်/ ထုပ် | အမှတ် ၁၇၁၊ အပိုင်း ၄၊ ၈ လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ | Paracetamol |
| ၂။ | အာရှ ရွှေကြယ် | ချောင်းဆိုး ရင်ကျပ် သောက်ဆေး | ဆေးမှုန့်/ ထုပ် | | |
| ၃။ | ရတနာဖြိုး | အဆစ်ရောင် ရောဂါ သောက်ဆေး | ဆေးမှုန့်/ ထုပ် | | |
| ၄။ | ဆေးအညွှန်းတံဆိပ် ဖော်ပြထားခြင်းမရှိ | | ဆေးမှုန့်/ ထုပ် | | |




Paracetamol ရောနှောသည့် ဆေးတံဆိပ်နမူနာများ။

၃။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ဘားအံမြို့၌ ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ကျင်းပ

**ဘားအံ စက်တင်ဘာ ၂၆**

"ငြိမ်းချမ်းရေးကို လက်တွဲတည်ဆောက်၊ ဖွံ့ဖြိုးရေးကို အတူတကွဖော်ဆောင်" ဆောင်ပုဒ်ဖြင့် အလွှာပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံပါဝင်သော ကရင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် ၂၀၂၆ ကို ယနေ့နံနက်ပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပသည်။



အဆိုပါဖိုရမ်ကို စက်တင်ဘာ ၂၆ ရက်နှင့် ၂၇ ရက် နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ပြီး ဖိုရမ်အတွင်း ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းလေးစောင်ကို အဖွဲ့လိုက်ဆွေးနွေးခြင်း၊ ရှေ့လုပ်ငန်းစဉ်စီမံချက်များကို သုံးသပ်အကြံပြုဆွေးနွေးခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖိုရမ်သို့ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်ထောင်စုအတိုင်ပင်ခံ ကောင်စီအဖွဲ့ဝင်များ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ၏ အကြံပေးအဖွဲ့ခေါင်းဆောင်၊ ငြိမ်းချမ်းရေးတွင် ပါဝင်ဆောင်ရွက်ခဲ့သူများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများ၊ နိုင်ငံရေးပါတီများ၊ ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဘာသာရေးခေါင်းဆောင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းများမှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ ပါဝင်ဆွေးနွေးကြမည့်ပညာရှင်များ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ၊ လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူငယ်မောင်မယ်များ စုံလင်စွာ တက်ရောက်ကြသည်။

ဖိုရမ်တွင် ပြည်နယ်ဝန်ကြီးချုပ်က ယနေ့ကျင်းပသောဖိုရမ်သည် ငြိမ်းချမ်းရေးကို ပိုမိုနက်ရှိုင်းစွာနားလည်ရန်၊ အပြန်အလှန်ယုံကြည်မှုကို တည်ဆောက်ရန်၊ တိုင်းရင်းသားများ၏ အမျိုးသားရေးလက္ခဏာနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ရန်နှင့် ဒေသ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ကျသော အမြင်များ ဖော်ထုတ်နိုင်ရန် အရေးကြီးသော အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပြီး ဖိုရမ်မှထွက်ပေါ်လာမည့် ဆွေးနွေးချက်များနှင့် အကြံပြုချက်များသည် ကရင်ပြည်နယ်၏ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးရှိသောရလဒ်ကောင်းများ ဖြစ်ပေါ်စေကာ ပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်ကောင်းမွန်စေရေးအတွက် အမှန်တကယ် အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အတူ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးအောင်မင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သူ ဦးသက်နိုင်ဝင်း၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ အဖွဲ့ဝင် ဦးဇော်အေးမောင်၊ ငြိမ်းချမ်းရေးကိုယ်စားလှယ် NCA/EAO များဖြစ်သော ကရင်အမျိုးသားအစည်းအရုံး(KNU)ဥက္ကဋ္ဌဟောင်း စောမူတူးစေးဖိုး၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA) စစ်ဦးစီးချုပ် စောရွှေဝ၊ ကရင်အမျိုးသားအစည်းအရုံး/ ကရင်အမျိုးသားတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က ငြိမ်းချမ်းရေးဖြစ်စဉ်ဆိုင်ရာ အသိပညာများ၊ အတွေ့အကြုံများကို ဆွေးနွေးပြောကြားကြသည်။

အလားတူ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကော့ကရိတ်မြို့နယ်၊ ဖာပွန်မြို့နယ်ကိုယ်စားလှယ်တို့က ကရင်ပြည်နယ်အတွင်း ဒေသအလိုက် ပဋိပက္ခဒဏ်ခံရသူများ၏ အသံနှင့်ပဋိပက္ခများ လျှော့ချရပ်တန့်စေရေး ဆန္ဒများကိုလည်းကောင်း၊ အဖွဲ့(၁) ကိုယ်စားလှယ် ဘားအံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစိုးစိုးအေးက ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခများ ရပ်တန့်ရေးနှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းတည်ဆောက်ရေးစာတမ်းကိုလည်းကောင်း၊ အဖွဲ့(၂) ကိုယ်စားလှယ် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းနိုင်က ကရင်ပြည်နယ်အတွင်း ပဋိပက္ခဒဏ်ခံရသူများအတွက် ပြန်လည်ထူထောင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး စာတမ်းကိုလည်းကောင်း ဆွေးနွေးဖတ်ကြားကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ ၂၀၂၆ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ



**ဒိုက်ဦး စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် သစ်တောဦးစီးဌာနမှ ၂၀၂၆ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲအား ယနေ့နံနက်က အုတ်ရှစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ အုတ်ရှစ်ကုန်းကျေးရွာ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူများ၊ အုတ်ရှစ်ကုန်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ မြို့နယ်သစ်တောဝန်ထမ်းများ စုစုပေါင်း ၁၅၀ တို့က ကျွန်း ၅၀၊ ပျဉ်းကတိုး ၅၀၊ မဟော်ဂနီ ၅၀၊ စိန်ပန်းကြီး ၅၀၊ ခရေ ၅၀၊ ကံ့ကော် ၅၀ စုစုပေါင်း ပျိုးပင် ၃၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **စိုးထက်ကျော်(ပြန်/ဆက်)**



## စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ ကျင်းပ

**ချောင်းဆုံ စက်တင်ဘာ ၂၆**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲကို စက်တင်ဘာ ၂၅ ရက်က လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးမာဝင်းက လူငယ်အလုပ်သမား လျှော့နည်းပပျောက်ရေးနှင့်ပတ်သက်သည့် အသိပညာပေး အကြောင်းအရာများကို ဟောပြောကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက စာဖတ်ခြင်းဖြင့် ရရှိနိုင်မည့် အကျိုးကျေးဇူးများနှင့် စာဖတ်သည့် အလေ့အထကောင်းများရရှိစေရေးအတွက် အသိပညာပေး ဟောပြောခဲ့ပြီး ကလေးငယ်များအား စာဖတ်ရှုခြင်းအပေါ် စိတ်ဝင်စားမှုနှင့် ဖန်တီးနိုင်စွမ်းများတိုးတက်စေရန် ရည်ရွယ်၍ ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပပေးခဲ့ပြီးနောက် ပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**ကိုကျော်(ချောင်းဆုံ)**

## ညောင်လေးပင်မြို့နယ်၌ ခရိုင်အဆင့်သစ်ပင်စိုက်ပျိုး

**ညောင်လေးပင် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ မြို့နယ်သစ်တောဦးစီးဌာနမှ ၂၀၂၆ ခုနှစ် မိုးရာသီ ခရိုင်အဆင့် သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက ပြွန်တန်ဆာမြို့ မြို့မ (၁)ရပ်ကွက် ရန်ကုန်-မန္တလေး လမ်းဟောင်း မိုင်တိုင် အမှတ် (77/4) အနီး ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးရဲဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ သစ်တောဦးစီးဌာနမှဝန်ထမ်းများ စုစုပေါင်းအင်အား ၁၂၀ တို့က မဟော်ဂနီ



၁၅၀၊ ခရေ ၅၀၊ ရင်းမာ ၅၀၊ တမလန်း ၅၀ စုစုပေါင်း အပင် ၃၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တောင်ငူမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တောင်ငူ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အင်ဒိုင်းကျေးရွာ ရွှေကူကြီးဘုရားဝင်းအတွင်း ခရိုင်/မြို့နယ်အဆင့်



စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီခွဲက ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ပျိုးပင် စုစုပေါင်း ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

(၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကန်သာယာရပ်ကွက် မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ မြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်ဇော်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



## ကပ်ရောဂါခြိမ်းခြောက်မှုများကို ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဖြေရှင်းဆောင်ရွက်ရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တိုက်တွန်း

**နယူးယောက် စက်တင်ဘာ ၂၆**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က မည်သည့်နိုင်ငံမျှ ကပ်ရောဂါဖြစ်ပွားမှုကို တစ်နိုင်ငံတည်း တားဆီးကာကွယ်၍ မရနိုင်ဟုဆိုကာ ကပ်ရောဂါကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့ကို ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်သည့် ချဉ်းကပ်မှုပုံစံဖြင့် ဖြေရှင်းဆောင်ရွက်ရန် လိုအပ်ကြောင်း စက်တင်ဘာ ၂၅ ရက်တွင် အလေးပေးပြောကြားသည်။



ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်ဖြစ်ပွားမှုကို မည်သည့်နိုင်ငံကမျှ တစ်နိုင်ငံတည်း တားဆီးကာကွယ်၍မရနိုင်ကြောင်းနှင့် ယင်းက လူ့အသက်ပေါင်းများစွာနှင့် စီးပွားရေးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများစွာမှ သင်ခန်းစာရရှိစေခဲ့ကြောင်း ကပ်ရောဂါတိုက်ဖျက်ရေးနှင့် ပတ်သက်၍ ပြုလုပ်သည့် အဆင့်မြင့်အစည်းအဝေးတွင် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် အာမီနာမိုဟာမက်က အထွေထွေအတွင်းရေးမှူးချုပ် ဂူတာရက်စ်ကိုယ်စား ဖတ်ကြားခဲ့သောမိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

၎င်းက တန်းတူညီမျှမှု၊ စည်းလုံးညီညွတ်မှုနှင့် ထိရောက်သည့် နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတို့ကို အခြေခံသည့် ရေရှည်တည်တံ့သော ကြိုတင်ပြင်ဆင်မှုများအပြင် သိပ္ပံနှင့်နည်းပညာကို ပိုမိုအသုံးပြုခြင်းနှင့် ဒေသခံလူမှုအသိုင်းအဝိုင်းနှင့် ကျန်းမာရေးလုပ်သားများ၏ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို တောင်းဆိုထားသည်။

ထို့အပြင် ကြီးမားသည့် ရန်ပုံငွေကွာဟမှုများကို ဖြည့်ဆည်းပေးရန်၊ နိုင်ငံတိုင်းတွင် ရောဂါရှာဖွေခြင်း၊ စောင့်ကြပ်ကြည့်ရှုခြင်း၊ သတင်းအချက်အလက်ပေးပို့ခြင်းနှင့် ရောဂါကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်ခြင်းတို့အတွက် ရန်ပုံငွေလုံလောက်စွာ ရရှိထားသော ရပ်ရွာအခြေပြုစနစ်များ ရှိစေရန်တို့ကိုလည်း အလေးပေးပြောကြားသည်။ **ဆင်ဟွာ**

## ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နှင့် တူကီယဲ ဆွေးနွေး

**ရီယာ့ဒ် စက်တင်ဘာ ၂၆**

ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နှင့် တူကီယဲနိုင်ငံတို့၏ စစ်ဘက်ဆိုင်ရာအကြီးအကဲများသည် လုံခြုံရေးဆိုင်ရာအခြေအနေများနှင့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရေး နည်းလမ်းများကို ဆော်ဒီအာရေဗျနိုင်ငံ၏ မြို့တော်ရီယာ့ဒ်တွင် စက်တင်ဘာ ၂၅ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း ဆော်ဒီအာရေဗျကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဆော်ဒီအာရေဗျနိုင်ငံ ရင်ဆိုင်ကြုံတွေ့နေရသော လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့် ခြိမ်းခြောက်မှုများကို အဆိုပါသုံးနိုင်ငံမှ စစ်ဘက်ဆိုင်ရာ အကြီးအကဲများက ပြန်လည်သုံးသပ်ခဲ့ကြပြီး မက္ကာမြို့အပါအဝင် အရပ်ဘက်နှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများအား ပစ်မှတ်ထားတိုက်ခိုက်မှုများကို ပြင်းထန်စွာရှုတ်ချခဲ့ကြသည်။

ထို့အပြင် တားဆီးဟန့်တားရေးနှင့် စုပေါင်းကာကွယ်ရေးကို မြှင့်တင်ရန် ရည်ရွယ်ကာ ထောက်လှမ်းရေး ပူးပေါင်းဆောင်ရွက်မှု၊ စစ်ဘက်ဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှုနှင့် စွမ်းဆောင်ရည်ပေါင်းစပ်မှုများကို မြှင့်တင်ခြင်းအပါအဝင် သုံးနိုင်ငံတပ်မတော်များအကြား ပူးပေါင်းဆောင်ရွက်ရေး အားကောင်းစေမည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ဆော်ဒီအာရေဗျ၊ ပါကစ္စတန်နှင့် တူကီယဲနိုင်ငံတို့သည် ဆော်ဒီအာရေဗျနိုင်ငံ မက္ကာမြို့တွင် မက္ကာပူးတွဲကာကွယ်ရေး သဘောတူညီချက်ကို ဩဂုတ် ၇ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီး ယင်းသဘောတူညီချက်တွင် လက်မှတ်ရေးထိုးထားသော မည်သည့်နိုင်ငံကိုမဆို တိုက်ခိုက်ခြင်းသည် အဖွဲ့ဝင်နိုင်ငံအားလုံးကို တိုက်ခိုက်ခြင်းဖြစ်သည်ဟု သတ်မှတ်ပြဋ္ဌာန်းထားသည်။ **ဆင်ဟွာ**

## နီပေါ သဘာဝဘေးပြန်လည်ထူထောင်ရန် အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံကျော် ကုန်ကျနိုင်

**ခတ္တမန္ဒူ စက်တင်ဘာ ၂၆**

နီပေါ-တရုတ်နယ်စပ်ရှိ ဒေသခံပြည်သူများသည် အလွန်ဆိုးရွားပြင်းထန်သော ရွှံ့ညွှန်ပြိုကျမှုများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားပြီးနောက် တစ်လအကြာတွင် ၎င်းတို့၏ လူနေမှုဘဝများ ပြန်လည်ထူထောင်ရန် ရုန်းကန်နေကြရကြောင်း သိရသည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ကြောင့် လူပေါင်း ၁၄၀၀ ကျော် သေဆုံးခဲ့ပြီး လူပေါင်းများစွာပျောက်ဆုံးနေကြောင်း သိရသည်။ မြေပြိုကျမှုမှာ ဩဂုတ် ၂၆ ရက်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ နီပေါအာဏာပိုင်များက ၁၄၅၃ ဦး သေဆုံးပြီး လူပေါင်း ၅၅၀၀ ကျော်





ပျောက်ဆုံးနေဆဲဖြစ်ကြောင်းနှင့် ယင်းအရေအတွက်တွင် ဂျပန်နိုင်ငံသား ငါးဦး ပါဝင်ကြောင်း ပြောကြားသည်။

ရေအားလျှပ်စစ်စက်ရုံများမှ လုပ်သားများသည် ဥမင်လိုဏ်ခေါင်းများအတွင်း ပိတ်မိဖွယ်ရှိကြောင်း ယူဆရပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအဆုံးသတ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိသည်။ ယင်းသဘာဝဘေးဖြစ်စဉ်ကြောင့် လူပေါင်း ၈၀၀၀၀ ကျော် ဘေးသင့်ခဲ့ပြီး အိုးအိမ်ဆုံးရှုံးခဲ့ရသူများသည် ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ကြရကြောင်း သိရသည်။

ဘေးဒဏ်သင့်အချို့ဒေသများတွင် ပြန်လည်နေထိုင်ရန် ဘေးကင်းလုံခြုံမှုမရှိကြောင်း ကြေညာထားပြီး ဘေးဒဏ်သင့်ဒေသခံများအတွက် ပြောင်းရွှေ့နေရာချထားပေးရေးအစီအစဉ်များကို ထုတ်ပြန်ကြေညာထားသည်။ စိုက်ပျိုးရေးနှင့် ခရီးသွားလုပ်ငန်းအပါအဝင် နီပေါနိုင်ငံတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၃ ဘီလီယံခန့်ရှိမည်ဟု အာဏာပိုင်များက ခန့်မှန်းထားသည်။

ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအတွက် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံကျော်ရှိနိုင်ပြီး ယင်းပမာဏမှာ နိုင်ငံ့ဂျီဒီပီ၏ ၁၁ ရာခိုင်နှုန်းကျော်ရှိကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အေသင်မြို့၌ ပေါက်ကွဲမှုကြောင့် အဆောက်အအုံပြိုကျပြီး ခြောက်ဦးသေဆုံး

**အေသင် စက်တင်ဘာ ၂၆** – ဂရိနိုင်ငံ အေသင်မြို့၌ စက်တင်ဘာ ၂၅ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားပြီး အဆောက်အအုံတစ်စိတ်တစ်ပိုင်းပြိုကျခဲ့ရာ အပျက်အစီးများအောက်မှ သေဆုံးသူခြောက်ဦး၏ ရုပ်အလောင်းများကို တွေ့ရှိခဲ့ကြောင်း အီးအာတီအသံလွှင့်ဌာနက စက်တင်ဘာ ၂၆ ရက်တွင် ဖော်ပြထားသည်။

ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အေသင်မြို့ လီစီကရေးတပ်စ်လမ်းပေါ်ရှိ နှစ်ထပ်အဆောက်အအုံ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများအနက် လေးဦးမှာ ပထမထပ်တွင် ကာလတိုငှားရမ်းနေထိုင်သည့် အမေရိကန်နိုင်ငံသားများဖြစ်ပြီး ကျန်နှစ်ဦးမှာ ဒုတိယထပ်ရှိ ဂရိအမျိုးသမီးတစ်ဦးနှင့် ၎င်း၏ခင်ပွန်းဖြစ်သူ ဗြိတိန်နိုင်ငံသားတို့ ဖြစ်နိုင်ခြေရှိကြောင်း ဖော်ပြထားသည်။ **ဆင်ဟွာ**

## ဗန်ကောက်မြို့ရှိ ခရိုင် ၅၀ လုံးအား ရေလွှမ်းမိုးမှုဘေးသင့်ဇရိယာအဖြစ် ကြေညာ

**ဗန်ကောက် စက်တင်ဘာ ၂၆**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ခရိုင် ၅၀ လုံးကို ရေလွှမ်းမိုးမှုသဘာဝဘေးအန္တရာယ်ဇရိယာအဖြစ် ကြေညာထားကြောင်း သိရသည်။ မြို့တော်သဘာဝဘေးအန္တရာယ် လျော့ပါးသက်သာစေရေးနှင့် ကာကွယ်ရေးကွပ်ကဲမှုအဖွဲ့က စက်တင်ဘာ ၂၆ ရက်တွင် ယခုကဲ့သို့ ကြေညာခဲ့ခြင်းဖြစ်သည်။

အဆိုပါကြေညာချက်ကို ဗန်ကောက်မြို့ အုပ်ချုပ်ရေးမှူး ချတ်ချက်ဆစ်တီပွန့်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ ရေတစ်မီတာခန့်အထိ ရေလွှမ်းမိုးမှုဖြစ်ပေါ်ခဲ့သဖြင့် အချို့လမ်းများတွင် ဖြတ်သန်းသွားလာ၍ မရဖြစ်နေသည်။ လမ်းဘေးတွင် ရပ်ထားသည့် မော်တော်ယာဉ်များမှာလည်း ရေအောက်သို့ နစ်မြုပ်ခဲ့သည်။

ပြည်သူများနေအိမ်၌သာ နေကြရန် အာဏာပိုင်များက အကြံပြုထားပြီး လမ်းအချို့ကို ယာယီပိတ်ထားကာ ယာဉ်ငယ်များ ဖြတ်သန်းသွားလာခြင်းကို ကန့်သတ်ထားသည်။ စက်တင်ဘာ ၂၇ ရက်အထိ မိုးဆက်လက်ရွာသွန်းနိုင်သေးကြောင်း ခန့်မှန်းထားသည်။ **ဆင်ဟွာ**



## အိန္ဒိယ၌ နီကိုတင်းအိတ်ငယ်များရောင်းချမှု နှိမ်နင်းမည်

**နယူးဒေလီ စက်တင်ဘာ ၂၆**

အိန္ဒိယနိုင်ငံရှိ ပြည်နယ်များ၌ ပါးစပ်အတွင်းထည့်၍ အသုံးပြုနိုင်သော နီကိုတင်းအိတ်ငယ်များ ရောင်းချမှုကို နှိမ်နင်းသွားရန် အစိုးရက အမိန့်ထုတ်ထားကြောင်း သိရသည်။ နီကိုတင်းအိတ်ငယ်များကို ပါးစပ်အတွင်းထည့်၍ အသုံးပြုခြင်းသည် အဓိကကျန်းမာရေးပြဿနာများ ဖြစ်ပွားစေနိုင်ကြောင်း အာဏာပိုင်များက စက်တင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

နီကိုတင်းအိတ်ငယ်များကို ပါးစပ်အတွင်းထည့်၍ အသုံးပြုခြင်းကြောင့် နီကိုတင်းဓာတ်ကို အလွန်အမင်းစွဲလမ်းစေနိုင်ပြီး နှလုံးခုန်နှုန်းနှင့် သွေးပေါင်ချိန်မြင့်တက်ခြင်းတို့ ဖြစ်ပေါ်စေနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက အကြံပြုချက်ထုတ်ပြန်ထားသည်။

ကလေးငယ်များ၊ ဆယ်ကျော်သက်များနှင့် လူငယ်များအကြား နီကိုတင်းထိတွေ့မှုမှာ အဓိကစိုးရိမ်စရာပြဿနာတစ်ရပ် ဖြစ်လာနေသည်။ နီကိုတင်းထိတွေ့မှုကြောင့် သင်ကြားရေးနှင့် အာရုံစူးစိုက်မှုတို့အပါအဝင် ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေခြင်း၊ နီကိုတင်းအပေါ် မှီခိုရနိုင်သည့် အန္တရာယ်များတိုးလာခြင်း အစရှိသည်တို့ ဖြစ်ပေါ်လာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ **ဆင်ဟွာ**

## ကမ္ဘောဒီးယား၌ Siamese မိကျောင်းများအတွက် မျိုးရိုးဗီဇထိန်းသိမ်းရေးဇရိယာ တည်ထောင်

**ဖနောင်ပင် စက်တင်ဘာ ၂၆**

ကမ္ဘောဒီးယားနိုင်ငံ၌ မျိုးသုဉ်းပျောက်ကွယ်မည့် အန္တရာယ်ကြုံတွေ့နေရသည့် ဆိုင်မီးစ် (Siamese) မိကျောင်းများကို ကာကွယ်ရန် ပထမဦးဆုံးအကြိမ်အဖြစ် မိကျောင်းမျိုးရိုးဗီဇ ထိန်းသိမ်းရေးဇရိယာကို တရားဝင်တည်ထောင်လိုက်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက စက်တင်ဘာ ၂၆ ရက်တွင် ပူးတွဲကြေညာချက် ထုတ်ပြန်ခဲ့သည်။

အသစ်သတ်မှတ်ထားသည့် ဇရိယာများတွင် မိကျောင်းများ အသိုက်ဆောက်၍ မျိုးပွားရာတွင် အရေးပါသော နေထိုင်ရာဒေသများအဖြစ် တရားဝင်ဥပဒေအရ ကာကွယ်ပေးမည်ဖြစ်သည်။ တစ်ကမ္ဘာလုံးအနှံ့ ဆိုင်မီးစ်မိကျောင်းကောင်ရေ ၁၀၀၀ ထက် လျော့နည်းနေပြီး ၎င်းတို့အနက် ၃၀၀ ကျော်မှာ ကမ္ဘောဒီးယားနိုင်ငံတွင်ရှိကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ခဗေးအာတီတယာက ပြောသည်။ **ဆင်ဟွာ**

## လှိုင်ကော်မြို့၌ အခြေခံနှင့်မွမ်းမံ မော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်း သင်တန်းဖွင့်

**လှိုင်ကော် စက်တင်ဘာ ၂၆**

ကယားပြည်နယ်တွင် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အခြေခံနှင့် မွမ်းမံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်း သင်တန်းကို စက်တင်ဘာ ၂၃ ရက်က လှိုင်ကော်မြို့ ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကယားပြည်နယ် လျှပ်စစ်၊



စွမ်းအင်၊ စက်မှုနှင့် လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ဦးရဲဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ပြောကြားပြီး ပြည်နယ်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူးက မိသားစု ဝင်ငွေတိုးစီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၁၈ ဦးအား စက်တင်ဘာ ၂၃ ရက်မှစတင်၍ ၄၅ ရက်ကြာ သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သွားမည်ဖြစ်သည်။

**ပြည်နယ်(ပြန်/ဆက်)**



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ၂၂ရက်က ဒက္ခိဏသီရိမြို့နယ် သမိုင်းဝင်ရန်အောင်မြင် ရွှေလက်လှစေတီတော်မြတ်ကြီး၌ နေပြည်တော်ရဲတပ်ဖွဲ့ မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းဖြိုး ဦးဆောင်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

## ရေနံချောင်းမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကျင်းပ

**ရေနံချောင်း စက်တင်ဘာ ၂၆**

ရေနံချောင်းမြို့နယ်တွင် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်



စကားဝိုင်းကို စက်တင်ဘာ ၂၂ ရက်က အထက(ခွဲ)ဝက်ချုပ်ကျောင်း၌ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမီအောင် ဦးဆောင်၍ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ပညာရေး၊ လူငယ်နှင့် စာဖတ်ခြင်းအကျိုးကျေးဇူး၊ လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့်ကြီးပွားရေးနှင့် လူငယ်နှင့်ကျန်းမာရေး စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပြီး သုတ၊ ရသ စာအုပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။

**ချိုမီအောင်(ပြန်/ဆက်)**



## ရေတာရှည်မြို့နယ်၌ မြို့နယ်အဆင့် စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုး

**ရေတာရှည် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ စတုတ္ထအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ရွှေပြည်ကုန်းကျေးရွာရှိ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံဝင်းအတွင်း၌ စုပေါင်းစိုက်ပျိုးခဲ့ကြရာ အဆိုပါအခမ်းအနားသို့ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးနန္ဒနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဆရာ ဆရာမများ စုစုပေါင်းအင်အား ၂၅၀ ခန့်က ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ စိန်ပန်းနှင့် ခရေ စသည့် ပျိုးပင်ပေါင်း ၂၅၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အားကစားဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၌ အားကစားဆိုင်ရာ အသိပညာပေးဟောပြောပွဲနှင့် အားကစားနည်းသရုပ်ပြပွဲကို အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၃ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအောင်စံကျော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲမှူးနှင့် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးမှူးတို့က လူကုန်ကူးမှုအန္တရာယ်နှင့် လူငယ်နှင့်အားကစားအကြောင်း အသိပညာပေးဟောပြောသည်။



ထို့နောက် မြို့နယ်အားကစားမှူးက အားကစားပစ္စည်းများကို ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ပြီး ပန်ကြပ်ဆီလတ် အားကစားနည်းဖြင့် သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ**

## ချမ်းအေးသာစံမြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်းဖွင့်

**မန္တလေး စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ဥပဒေရုံးနှင့် စိတ္တရမဟီရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတို့ ပူးပေါင်းဖွင့်လှစ်သော ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားသင်တန်း (၁/၂၀၂၄)ကို စိတ္တရမဟီရပ်ကွက် ဆုတောင်းရဘုရားဓမ္မာရုံ၌ စက်တင်ဘာ ၂၄ ရက်က ဖွင့်လှစ်ရာ ဥပဒေအသိပညာ



ပြန့်ပွားရေး ဆရာဖြစ်သင်တန်း ToT မှ သင်တန်းဆင်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းသိန်းက ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရာဇသတ်ကြီး၊ လောင်းကစားဥပဒေနှင့် မူးယစ်ဆေးဝါးဥပဒေအကြောင်းအရာများကို သက်ဆိုင်ရာ ရပ်ကွက်နေ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများနှင့် ပြည်သူလူထုထံသို့ ပို့ချခဲ့ပြီး မြို့နယ်ဥပဒေအရာရှိ ဦးလှိုင်ထက်ကျော်က လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းသည်။

အဆိုပါသင်တန်းကို သင်တန်းသား ၃၀၊ သင်တန်းသူ ၂၀ စုစုပေါင်း ၅၀ တက်ရောက်ကြကြောင်း သိရသည်။ **ချမ်းမြေ့မောင်(ပြန်/ဆက်)**



## ပြည်ကြီးတံခွန်မြို့နယ်၌ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေး သင်တန်းဖွင့်

**ပြည်ကြီးတံခွန် စက်တင်ဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ စက်တင်ဘာ ၂၁ ရက်က ရပ်ကွက်အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း(၃/၂၀၂၄) ဖွင့်လှစ်ရာ ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစစ်မင်းမျိုးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ မိမိတို့ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ရမည့် အကြောင်းအရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ လုပ်ငန်းတာဝန်အကြောင်းအရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တစ်ဦးချင်းထားရှိရမည့် အရည်အချင်းများ စသည်တို့ကို ပို့ချသင်ကြားခဲ့ပြီး သင်တန်းကာလမှာ စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇင်မင်းမောင်**



(၆၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က ကျိုင်းတုံမြို့ရှိ အမှတ်(၃)တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)၌ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့(ကျိုင်းတုံ) ခရိုင်၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းကြစဉ်။

အောင်ဇင်မြင့်(ပြန်/ဆက်)

တရားမဝင် ဓာတ်အားသုံးစွဲမှုများ ကင်းရှင်းရေးနှင့် မီတာများ ဖတ်ရှုမှု မှန်ကန်ခြင်း ရှိ မရှိ စက်တင်ဘာ ၂၄ ရက်က မိတ္ထီလာမြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလင်းကိုကိုနှင့် အဖွဲ့ဝင်များက မိတ္ထီလာမြို့နယ် ရန်မျိုးအောင်ရပ်ကွက်၌ ကွင်းဆင်းစစ်ဆေးစဉ်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မန္တလေးတိုင်းဒေသကြီး၌ ရွေ့ပြောင်းဥပဒေရုံးလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေး ကြိုးပမ်း

**မန္တလေး စက်တင်ဘာ ၂၆**

တရားစွဲနှင့် အမှုလိုက်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်က မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဥပဒေချုပ် ဦးလှသိန်းက ယခုဆွေးနွေးပွဲသည် ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၉ မဟာဗျူဟာစီမံကိန်းပါ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း၊ နိုင်ငံတော်ကိုယ်စား လိုက်ပါဆောင်ရွက်ရသည့် ဥပဒေအရာရှိများအနေဖြင့် တရားစွဲအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဥပဒေရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ရွေ့ပြောင်းဥပဒေရုံး လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဥပဒေအရာရှိ ဒေါ်ယဉ်ယဉ်မွန်က တရားစွဲနှင့် အမှုလိုက်လုပ်ငန်းများကို ရွေ့နေချုပ်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ အလေးထား ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးခဲ့ပြီး အဆိုပါဆွေးနွေးပွဲသို့ တိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိကြီးများ၊ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများ စုစုပေါင်း ၇၂ ဦး တက်ရောက်ခဲ့ကြပြီး ခရိုင်နှင့် မြို့နယ်ဥပဒေရုံး ခုနစ်ရုံးမှလည်း အွန်လိုင်းဖြင့် တက်ရောက်ခဲ့ကြသည်။

ချမ်းမြေ့မောင်(ပြန်/ဆက်)

## အောင်လံမြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှု သင်တန်းဖွင့်

**အောင်လံ စက်တင်ဘာ ၂၆**

အောင်လံမြို့နယ်၌ သီးနှံအခြေခံတန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာသင်တန်းကို ယမန်နေ့နံနက်က ဘိုလည်(မြစ်နား)ကျေးရွာတွင် ဖွင့်လှစ်ရာ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာ ဌေးဌေးဝင်းနှင့် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးဝင်းနိုင်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြက သင်တန်းတွင်ပို့ချရမည့် ဘာသာရပ်များ ရှင်းလင်းပြောကြားပြီး ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက သင်ထောက်ကူပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။



သင်တန်းတွင် သင်တန်းနည်းပြ နှစ်ဦး၊ သင်တန်းသူ ၂၀ ဖြင့် ငါးရက်ကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ညောင်လေးပင်မြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတား လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး



**ညောင်လေးပင် စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့၌ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ ပဲခူးခရိုင်ဦးစီးမှူးနှင့် ညောင်လေးပင်မြို့နယ် ဦးစီးမှူးတို့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ညောင်လေးပင်-ရှမ်းရွာ လမ်းပေါ်ရှိ တံတားအမှတ်(၁) ပစ္စည်းစုဆောင်းထားရှိမှုနှင့် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသည့် ဝဲဝန်းကျောင်းစု-ဝဲဝန်းရှမ်းစုလမ်းပေါ်ရှိ ကျောင်းစုတံတားတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သထုံမြို့နယ်၌ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်းဖွင့်

**သထုံ စက်တင်ဘာ ၂၆**

သထုံမြို့ရှိ ငါးလုပ်ငန်းသင်တန်းကျောင်းတွင် ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ငါးဆေးထိုးသားဖောက်ခြင်းနှင့် ရေချိုငါးမွေးမြူရေးသင်တန်းကို စက်တင်ဘာ ၂၅ ရက်က ဖွင့်လှစ်ရာ မွန်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်နိုင်ဝင်းက သင်တန်းဖွင့်လှစ်ပေးပြီး သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးဝင်း၊ သထုံငါးလုပ်ငန်းစခန်း တာဝန်ခံနှင့် တာဝန်ရှိသူများက ငါးများ၏ နေထိုင်ကျက်စားမှုဓလေ့၊ ငါးကန်တူးဖော်ခြင်း၊ ကန်အရည်အသွေးပြုပြင်ခြင်း၊ ရေအရည်အသွေး တိုင်းတာစစ်ဆေးခြင်း၊ မျိုးငါးရွေးချယ်ထိန်းသိမ်းခြင်း၊ ရေချိုငါးမျိုးများ လက်တွေ့ဆေးထိုးသားဖောက်ခြင်း၊ ငါးအစာအာဟာရနှင့် အစာကျွေးနည်းစနစ်များ စသည်တို့ကို ဆွေးနွေးပို့ချပေးကြသည်။ အဆိုပါသင်တန်းကို စက်တင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်သည်။

ခရိုင်(ပြန်/ဆက်)



## ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၌ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွင်းရှိ ကလေးသူငယ်များ၏ အခွင့်အရေးများနှင့် ပြစ်မှုကျူးလွန်သည့်ကလေးသူငယ်များ လျော့ပါးနိုင်ရေးအတွက် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အမှတ်(၈၉)ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်ထွီးခိုင်နှင့် ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်အေးပပခိုင်က ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေအကြောင်းအရာများကို အသိပညာပေးဟောပြောသည်။



ထို့နောက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ချောစုဝင်းက လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် ဆောင်ရွက်နေသည့် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ပြီး ဟောပြောပွဲသို့ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းမှုများကို ပြန်လည်ဖြေကြားပေးခဲ့သည်။

ဖြိုးစန္ဒာ(ဆိပ်ကမ်း)



## ကဝမြို့နယ်၌ ကျေးလက်လမ်းလုပ်ငန်းများ ဆောင်ရွက်

**ကဝ စက်တင်ဘာ ၂၆**

ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက တိုင်းဒေသကြီး(ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ခမဲပြင်-နိဗ္ဗာန်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ယမန်နေ့က ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသခံ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



## သာယာဝတီမြို့နယ်၌ Rice Export Zone စိုက်ပျိုးစရိတ်ချေးငွေပေးအပ်

**သာယာဝတီ စက်တင်ဘာ ၂၆**

သာယာဝတီမြို့နယ်၌ Rice Export Zone စီမံကိန်းတွင် ပါဝင်သော တောင်သူများအား နိုင်ငံ့စီးပွားစိုက်ပျိုးစရိတ်ချေးငွေနှင့် သွင်းအားစု ထောက်ပံ့ပေးအပ်ပွဲကို စက်တင်ဘာ ၂၃ ရက်က သုံးဆယ်မြို့ ရတနာဝင်းရပ်ရှင်ရုံခန်းမ၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးငြိမ်းချမ်းအောင်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးတို့က Rice Export Zone အကောင်အထည်ဖော် ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စိုက်ပျိုးစရိတ်ချေးငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

သန့်ဇော်(ပြန်/ဆက်)



## လှိုင်လင်လေးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေး

**လှိုင်ကော် စက်တင်ဘာ ၂၆**

ကယားပြည်နယ် လှိုင်လင်လေးမြို့ အခြေခံပညာ အထက်တန်းကျောင်း၌ စက်တင်ဘာ ၂၄ ရက်က နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ် ကွင်းဆင်းဆောင်ရွက်ပေးရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကယားပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ အထက(လှိုင်လင်လေး) ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များကို ကျောင်းသား ကျောင်းသူ ၁၃၅ ဦးထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

**အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ချောင်းဆုံ စက်တင်ဘာ ၂၆**

မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးမင်းမြင့်မောင်လေးနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၂၃ ရက်က ကုလာဘီးကျေးရွာရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အရှည်ပေ ၇၉၃၀ ရှိ အုတ်စီရေမြောင်း တူးဖော်ခြင်းလုပ်ငန်း၊ မရမ်းကျေးရွာရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ဂါလန် ၁၂၀၀ ဆံ့ ရေစင်နှင့် စက်ရုံတည်ဆောက်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဝန်ကြီးက အိမ်သွယ်ရေတိုင်စနစ် လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ရန်နှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များ တာဝန်ရှိသူများအား မှာကြားခဲ့သည်။



ဆက်လက်၍ ပြည်နယ်ဝန်ကြီးသည် ကြံခင်းကျေးရွာရှိ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်လျက်ရှိသည့် အရှည်ပေ ၁၃၈၅ ပေ ရွာတွင်းလမ်း ကတ္တရာတိုးချဲ့ခြင်းနှင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းများကို အရည်အသွေးပြည့်မီရေး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေးနှင့် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အလေးထားဆောင်ရွက်ရန် မှာကြားသည်။

**ကိုကျော်(ချောင်းဆုံ)**

## ဗဟန်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၌ ပြည်သူ့စကားဝိုင်းကို စက်တင်ဘာ ၂၃ ရက်က ဗဟန်းမြို့နယ် ဆရာစံမြောက် အရှေ့ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးအေးခိုင်က ပြည်သူ့စကားဝိုင်းများ ကျင်းပရသည့် ရည်ရွယ်ချက်များကို ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီတင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ရပ်ရွာအေးချမ်းသာယာရေးအတွက် အရေးပါသောအချက်များ၊ ပြည်သူများအနေဖြင့် သိသင့်သောဥပဒေများ၊ လိုက်နာရမည့် ဥပဒေများအကြောင်းနှင့် မူခင်းကျဆင်းရေးဆိုင်ရာများကို ဆွေးနွေးသည်။ ထို့နောက် တက်ရောက် လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့သည်။



**သင်းသင်းစိုး(ပြန်/ဆက်)**

## မြစ်သားမြို့နယ်၌ ဓာတ်မြေဩဇာစုပေါင်းရောင်းချပွဲနှင့် စိုက်ကေပြည့်မီရေး နည်းပညာပေးဆွေးနွေး

**မြစ်သား စက်တင်ဘာ ၂၆**

မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဓာတ်မြေဩဇာ စုပေါင်းရောင်းချပွဲနှင့် အဓိက သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေး၊ စိုက်ကေပြည့်မီရေး နည်းပညာပေးဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်က ကူမဲနည်းပညာပေးစင်တာ၌ ကျင်းပရာ ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစံအောင်က အဓိကသီးနှံများ စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ မျိုး၊ မြေ၊ ရေ၊ နည်းစနစ်တကျ စိုက်ပျိုးနိုင်ရေး ဆွေးနွေးပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုးမင်းနိုင်က နိုင်ငံတော်မှ ယူရီးယားတစ်ဧက သီးနှံအထွက်နှုန်း တိုးတက်လာစေရန်၊ ပန်းတိုင်အထွက်နှုန်းရရှိစေရန်၊ စိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရန် ဓာတ်မြေဩဇာများ ရောင်းချပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာသည့် တောင်သူများအား မျိုးစေ့များ၊ မြေဩဇာများနှင့် စိုက်ပျိုးရေးသုံးပိုးသတ်ဆေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝါဝါမြင့်(မြစ်သား)**

## တာချီလိတ်၌ ကုန်သွယ်မှုကဏ္ဍမြှင့်တင်ရေး အသိပေးရှင်းလင်းဆွေးနွေး

**တာချီလိတ် စက်တင်ဘာ ၂၆**

တာချီလိတ်မြို့၌ ကုန်သွယ်မှု လုပ်ငန်းများ တိုးတက်ရေး၊ ကုန်သွယ်မှု လျာထားချက်များ ပြည့်မီရေးနှင့် ဒေသထွက် ရော်ဘာများ ပြည်ပဈေးကွက်သို့ တိုးမြှင့် တင်ပို့နိုင်ရေးတို့အတွက် ဌာနဆိုင်ရာများ၊ ကုန်သည် လုပ်ငန်းရှင်များအား အသိပေးရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၂၃ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံက လုပ်ငန်းရှင်များအနေဖြင့် သတ်မှတ်ချက်များနှင့် အညီ တရားဝင် လွယ်ကူအဆင်ပြေစွာ ပိုမိုတင်ပို့နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် ပြောကြားပြီး ကုန်သွယ်ရေးဦးစီးဌာန တာချီလိတ် ကုန်သွယ်ရေးစခန်းမှ ညွှန်ကြားရေးမှူး ဦးမင်းဇော်က ကုန်သွယ်မှုဆိုင်ရာ မူဝါဒများ၊ ဘဏ္ဍာနှစ်အလိုက် ပို့ကုန်တင်ပို့နိုင်မှုများ၊ လုပ်ငန်းရှင်များအား ပို့ကုန်သွင်းကုန် လုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး ဌာနမှ ဝန်ဆောင်မှု ပေးနေမှုများကို ရှင်းလင်းဆွေးနွေးသည်။



ဆက်လက်၍ ဌာနဆိုင်ရာ တာဝန်ရှိသူများက မိမိတို့ဌာနအလိုက် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ သက်ဆိုင်ရာဌာန များက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**ရွှေမြိုင်သူ(ပြန်/ဆက်)**

## ဝမ်းတွင်းမြို့နယ်၌ ရပ် / ကျေး အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်

**ဝမ်းတွင်း စက်တင်ဘာ ၂၆**

ဝမ်းတွင်းမြို့နယ်၌ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၂၁ ရက်က မြို့နယ်စည်ပင်သာယာခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက နိုင်ငံတော်အစိုးရ၏ မူဝါဒများ၊ ရည်မှန်းချက်များနှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ သမိုင်းကြောင်းများကို လည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်သိန်းက ကောင်းမွန်သောအုပ်ချုပ်ရေးစသည်တို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါသင်တန်းကို စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၁၆ ရက်အထိ သက်ဆိုင်ရာ ဘာသာရပ်အလိုက် သင်တန်းနည်းပြများက သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။




**မြို့နယ်(ပြန်/ဆက်)**

## မို့(သဲကုန်း)၏ သင်္ဂါရမုန်တိုင်း ဝတ္ထုရှည်စာအုပ်ထွက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၅**

စာရေးဆရာမ မို့(သဲကုန်း)၏ “မို့(သဲကုန်း)၏ သင်္ဂါရမုန်တိုင်း” ဝတ္ထုရှည်စာအုပ်ကို ပန်းရဂုံစာပေက ယခုနှစ် ဩဂုတ်လတွင် ပထမအကြိမ်အဖြစ် ထုတ်ဝေဖြန့်ချိထားသည်။



ဝတ္ထုရှည် တစ်ပုဒ်အတွက် အရေးပါသည့် အခင်း၊ အတက်၊ အဖြေတို့ကို ကာလဒေသ နောက်ခံနှင့် အားပြိုင်မှုတို့ဖြင့် ချိတ်ဆက်ကာ ဇာတ်အိမ်ကျယ်ကျယ်ဖြင့် ရေးဖွဲ့ထားသည်။ ဇာတ်လမ်းတစ်လျှောက် အဖြစ်အပျက်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆက်စပ်ဖတ်ရှုရသဖြင့် ဇာတ်လမ်း၏ အလှည့်အပြောင်းများကို စိတ်ဝင်စားစွာ လိုက်ပါခံစားနိုင်သည်။

ဇာတ်ကောင်များကိုလည်း ၎င်းတို့၏ ခံစားချက်၊ အပြုအမူနှင့် စရိုက်လက္ခဏာများမှတစ်ဆင့် ပုံဖော်ထားရာ စာဖတ်သူအနေဖြင့် ဇာတ်ကောင်များ၏ စိတ်နေစိတ်ထားနှင့် အဖြစ်အပျက်များကို မိမိစိတ်ကူးဖြင့် ဆက်လက်ပုံဖော်ဖတ်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် ဇာတ်အိမ်ကျယ်ဝန်းသည့် ဝတ္ထုရှည်တစ်ပုဒ်ဖြစ်သည့်အတွက် ဇာတ်ကောင်များနှင့် အဖြစ်အပျက်များ အပြန်အလှန်ဆက်စပ်နေမှုက စာအုပ်၏ အဓိက ဆွဲဆောင်မှုတစ်ရပ် ဖြစ်လာသည်။

စာအုပ်၏ အမှာစာကို ရေးသားပေးထားသည့် ဆရာမောင်စိမ်းနောင်(လယ်ဝေး)က မြန်မာနိုင်ငံစာရေးဆရာအသင်းက ပြုလုပ်သည့် အခြေခံစာရေးနည်းလမ်းညွှန်သင်တန်း (အမှတ်စဉ် ၁၁/၂၀၂၄) တွင် ဆရာမမို့(သဲကုန်း) ပါဝင်တက်ရောက်ခဲ့ပြီး သင်တန်းကာလအတွင်း စာပေရေးသားလိုသည့် စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများကို တွေ့မြင်ခဲ့ရကြောင်း အမှာစာတွင် ဖော်ပြထားသည်။ “မို့(သဲကုန်း)၏ သင်္ဂါရမုန်တိုင်း” ဝတ္ထုရှည်စာအုပ်ကို ပန်းရဂုံစာပေမှ ၁၂၀၀၀ ကျပ်ဖြင့် ထုတ်ဝေထားပြီး ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် နွယ်သာကီလမ်းသွယ်(၂)ရှိ ပန်းရဂုံစာပေ ဖုန်း ၀၉-၅၆၁၃၀၆၀၈ သို့ ဆက်သွယ်မှာယူနိုင်ပြီး အမြို့မြို့အနယ်နယ်ရှိ စာအုပ်ဆိုင်များတွင်လည်း စုံစမ်းဝယ်ယူနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**



ကျိုက်မရောမြို့နယ်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး အောင်သူရနှင့် မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့စိတ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလှုပ်ရှားမှုကို စက်တင်ဘာ ၂၃ ရက်က ကျိုက်မရောမြို့အဝင် ထန်းပင်တန်းနှင့် စက်လမ်းဝ၌ ပြုလုပ်စဉ်။

ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)



အောင်လံမြို့နယ်တွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် တပ်ဖွဲ့ဝင်များက ပုဂ္ဂလိက စာသင်ကျောင်းအခြေပြု မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပို့ချခြင်းနှင့် မီးသတ်ဆေးဘူးလက်တွေ့အသုံးပြုကိုင်တွယ် ငြိမ်းသတ်ခြင်းသရုပ်ပြသမှုကို စက်တင်ဘာ ၂၄ ရက်က စက်ရုံရပ်ကွက် GFP ကိုယ်ပိုင်အထက်တန်းကျောင်း၌ ပြုလုပ်စဉ်။

မြို့နယ်(ပြန်/ဆက်)

## လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၌ အလုပ်သမားရေးရာလုပ်ငန်း ညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များအား စွမ်းရည်မြှင့်သင်တန်းဖွင့်



ရန်ကုန် စက်တင်ဘာ ၂၆
ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်၌ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်သင်တန်းကို စက်တင်ဘာ ၂၄ ရက်က အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အမျိုးသားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးသင်တန်းကျောင်း၌ ကျင်းပရာ အလုပ်သမားရေးရာဥပဒေများ၊ ဥပဒေပါအကျိုးခံစားခွင့်များ၊ ကျန်းမာရေးစောင့်ရှောက်မှုများ၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာအစီအမံများ၊ လုပ်ငန်းခွင်ဆိုင်ရာ လိုက်နာရမည့်တာဝန်များ၊ အလုပ်ချိန်ဆိုင်ရာ ပြဋ္ဌာန်းချက်များစသည့် ဥပဒေပါ လိုက်နာရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့်အချက်၊ အငြင်းပွားမှုဖြေရှင်းသူများ လိုက်နာရမည့် ကျင့်ဝတ်များအကြောင်းကို တိုင်းဒေသကြီး တာဝန်ခံများက ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် WCC အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်သင့်သည့် ဆောင်ရန်၊ ရှောင်ရန်အချက်များ ဆွေးနွေးပို့ချခြင်း၊ အငြင်းပွားမှုများကို လက်တွေ့သရုပ်ပြဆွေးနွေးခဲ့သည်။

ဟန်နီ(ပြန်/ဆက်)



## မုဒုံမြို့နယ်၌ ဓမ္မစကြာနှင့်ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်

မုဒုံ စက်တင်ဘာ ၂၆
မွန်ပြည်နယ် မုဒုံမြို့နယ်၌ ၂၀၂၆ ခုနှစ် ပညာရေးမိသားစု၏ (၁၁)ကြိမ်မြောက် ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော်ရွတ်ဆို ပူဇော်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၂၅ ရက်က လေးထပ်သာသနာ့ဗိမာန်တော်၌ ကျင်းပရာ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကိတ္တိဝဏ္ဏ ဂျုံးဂျုံးကျတောရကျောင်း ဆရာတော်ကြီးထံမှ မွန်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ မင်းအောင်မြင့်နှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်သည်။ ထို့နောက် မြို့နယ်ပညာရေးမှူးက ဓမ္မစကြာနှင့် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆို ပူဇော်ပြိုင်ပွဲနှင့်ပတ်သက်၍ လျှောက်ထားပြီး ဆရာတော်ကြီးက ဩဝါဒကထာချီးမြှင့်သည်။ ဆက်လက်၍ ဆရာတော်သံဃာတော်များအား ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက နဝကမ္မလှူဖွယ်ပစ္စည်းများနှင့် လေးထပ်သာသနာ့ဗိမာန်တော်အတွက် အလှူငွေများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဆုရရှိသည့်အဖွဲ့များအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ ရာမည(ပြန်/ဆက်)

## တောင်ငူခရိုင်လူထုအခြေပြုဗဟိုဌာန ခန်းမ၌ လူငယ်တွေ စာဖတ်ကြပါ ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကျင်းပ



တောင်ငူ စက်တင်ဘာ ၂၆
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ စက်တင်ဘာ ၂၄ ရက်က ဒေါက်တာသန်းထွန်း ရေးသားထားသည့် လူငယ်တွေစာဖတ်ကြပါ ဆောင်းပါးဖြင့် စာဖတ်ဝိုင်းကျင်းပရာ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးစောဂျရုန်း (မောင်ယဉ်ထွေး တက္ကသိုလ်)က ဦးဆောင်ဆွေးနွေးပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက ဆောင်းပါးမှ စာဖတ်ခြင်းနှင့် စာမဖတ်ခြင်း၏ အကျိုးရလဒ်များကွာခြားပုံကို ဆွေးနွေးပြီး စာဖတ်ဝိုင်းသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက ၎င်းတို့၏ အတွေးအမြင်များကို ပြန်လည်ဆွေးနွေးကြသည်။ ခရိုင်(ပြန်/ဆက်)

## မိုင်းဆတ်မြို့၌ လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းကျင်းပ



မိုင်းဆတ် စက်တင်ဘာ ၂၆
မိုင်းဆတ်မြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများ အသင်းတို့ ပူးပေါင်း၍ စက်တင်ဘာ ၂၄ ရက်က လူထုအခြေပြုဗဟိုဌာန ခန်းမ၌ စာရေးဆရာဖေမြင့်၏ ဘဝတိုးတက်မှုအတွက် စာဖတ်ခြင်း စာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်ရာ ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးက စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာပေချစ်မြတ်နိုးသူများအသင်းဥက္ကဋ္ဌ ဦးထူးဒယ်က ဘဝတိုးတက်မှုအတွက် စာဖတ် ခြင်းခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ဒေါ်ဝင်းဝင်းဇင် စာဖတ်ခြင်းကြောင့် ဘဝအကျိုးထူးတွေ ခံစားရရှိနိုင်သလဲ ခေါင်းစဉ်ဖြင့်လည်းကောင်း ဦးဆောင်ဆွေးနွေးသည်။

ထို့နောက် စာဖတ်ဝိုင်းသို့ တက်ရောက်လာသော စာပေဝါသနာရှင် ကျောင်းသား ကျောင်းသူများက ဆွေးနွေးချက်များအပေါ် သိရှိလိုသည်များ မေးမြန်းဆွေးနွေးရာ စာပေချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်း ဖြေကြားဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၄ ရက်တွင် စမ်းချောင်းမြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်ဦးစီး၍ တပ်ဖွဲ့ဝင် ၄၉ ဦးတို့က စမ်းချောင်းမြို့နယ် အောင်ချမ်းသာရပ်ကွက် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ဘုန်းတော်ကြီးကျောင်းအတွင်းစုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## မြစ်သားမြို့နယ်သမအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် အမှုဆောင်အသစ် ရွေးချယ်



မြစ်သား စက်တင်ဘာ ၂၆
မြစ်သားမြို့နယ် သမဝါယမအသင်းစု၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်အသစ်ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၂၄ ရက်က မြစ်သားမြို့ အနော်ရထာခန်းမ၌ ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒီဝင်းက လုပ်ငန်းဆိုင်ရာများဆွေးနွေးတင်ပြခဲ့ပြီး မြို့နယ်သမဝါယမအသင်းစု ဒါရိုက်တာအဖွဲ့က ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများ၊ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ အသင်းစာရင်းစစ်အစီရင် ခံစာနှင့် အသင်း၏စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အသင်းအမှုဆောင်အသစ်များအား ရွေးချယ်ခဲ့ကြောင်း သိရသည်။ ဝါဝါမြင့်(မြစ်သား)



ညောင်လေးပင်မြို့နယ်၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ်အဖြစ် စက်တင်ဘာ ၂၄ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ညောင်လေးပင်ခရိုင်၊ မြို့နယ်နှင့်မြို့မစခန်းမှ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းခဲ့ကြစဉ်။ မြို့နယ်(ပြန်/ဆက်)

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က အမှတ်(၁၈) တပ်မတော်ဆေးရုံ ခုတင်(၁၀၀)၌ အရာရှိများ၊ အခြားအဆင့်ရဲတပ်ဖွဲ့ဝင်များ သွေးလှူဒါန်းနေမှုကို ဘုတ်ပြင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)





မော်လမြိုင်ကျွန်းမြို့နယ်၌ (၆၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၅ ရက်က အမှတ် (၄) ရပ်ကွက် ညီမာရုံကျောင်းတိုက်ရှေ့ လမ်းဘေးဝဲ/ယာ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမိုးဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ရဲကိုမောင်(ပြန်/ဆက်)



ဘားအံမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၂) လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့၊ အမှတ် (၂၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး ဟိန်းထက်ဇော် ဦးဆောင်မှုဖြင့် အရာရှိ၊ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၂၅ ရက်တွင် ဘားအံမြို့ ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းနှင့် သွေးလှူဒါန်းမှုများ ပြုလုပ်စဉ်။ ခရိုင်(ပြန်/ဆက်)

## တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်အတွက် ဈေးပြိုင်လေလံခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူး၍ နှစ်စဉ်ကျင်းပသည့် တောင်ကြီးမြို့ ရိုးရာမီးပုံးပျံပွဲတော်ကို ၁၈-၁၁-၂၀၂၆ ရက်နေ့မှ ၂၄-၁၁-၂၀၂၆ ရက်အထိ တောင်ကြီးမြို့ အဝေရာမီးပုံးပျံကွင်းတွင် ကျင်းပ ပြုလုပ်သွားမည်ဖြစ်ပါသဖြင့် အောက်ဖော်ပြပါ လုပ်ငန်း(၄)မျိုးအတွက် လေလံလျှောက်လွှာတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဈေးဆိုင်ခန်းများ၊ ပျံကျဈေးနှင့် လက်ပွေ့ဈေးသည်များလုပ်ငန်း၊
(ခ) ချားရဟတ်ကွင်း၊ ကလေးကစားကွင်းနှင့် ပျော့ပျော့အိအိကစားကွင်း လုပ်ငန်း၊
(ဂ) ယာဉ်ရပ်နားစခန်းလုပ်ငန်း(၁)၊ (၂)၊ (၃)၊ (၄)
(ဃ) သန့်စင်ခန်းလုပ်ငန်း

၂။ **လေလံလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၅-၉-၂၀၂၆ ရက် (ရုံးချိန်အတွင်း)
၃။ **လေလံလျှောက်လွှာပိတ်မည့်ရက်နှင့်အချိန်** - ၇-၁၀-၂၀၂၆ ရက် (၁၆:၃၀ နာရီ)
၄။ **လေလံလျှောက်လွှာစတင်ရောင်းချမည့်နေရာနှင့် လေလံတင်သွင်းရမည့်နေရာ** - ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး (ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး)
၅။ **လေလံဖွင့်လှစ်မည့်ရက် အချိန်နှင့်နေရာ** - ၈-၁၀-၂၀၂၆ ရက် (၀၉:၃၀ နာရီ) ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၂)

၆။ ကုမ္ပဏီများမှ ကြော်ငြာဆိုင်းဘုတ်များဆောင်ရွက်ခြင်း ဆက်သွယ်ရေးကုမ္ပဏီများမှ ဆက်သွယ်ရေးကွန်ရက်လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ရန် ယာယီရွှေ့ပြောင်းနိုင်သည့် Mobile Tower များ ဆောင်ရွက်နိုင်ရန်အတွက် ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံးသို့ ဆက်သွယ်လျှောက်ထား ဆောင်ရွက်သွားရမည်။

၇။ လေလံလျှောက်လွှာတင်သွင်းသူများသည် သတ်မှတ်ရက်၊ သတ်မှတ်ချိန်အတွင်း လာရောက်တင်သွင်းရန်နှင့် ၎င်းနေ့ရက်၊ အချိန်ထက်နောက်ကျ၍ တင်သွင်းလာသော လေလံလျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။ သတ်မှတ်စည်းကမ်းချက်များနှင့်မပြည့်စုံသည့် လျှောက်လွှာများအားလည်း လက်ခံစဉ်းစားမည်မဟုတ်ပါ။ လေလံလျှောက်လွှာနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီရုံး၊ ဖုန်း- ၀၉-၇၈၂၇၃၃၃၅၆၊ ၀၉-၄၀၂၅၇၆၂၈၃၊ ၀၉-၄၄၅၁၃၁၆၈၂၊ ၀၉-၂၆၁၇၄၆၁၉၉ တို့အား ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ဘဏ္ဍာငွေကြီးကြပ်ရေးလုပ်ငန်းကော်မတီ**

---

## မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရန်ရှိပါသောကြောင့် မြန်မာနိုင်ငံသား ပြည်တွင်း ပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်း နိုင်ရန် ဖိတ်ခေါ်ပါသည်-

| Lot | လုပ်ငန်းအမည် | မှတ်ချက် |
|---|---|---|
| 1 | ချမ်းအေးသာစံမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး RC(၄)ထပ် အသစ်( ၃၂'x ၅၅' ) ဆောက်လုပ်ခြင်း၊ ၂၈လမ်း၊ ၇၆x၇၇လမ်းကြား၊ ဟေမာဇလရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ် | |

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့် နေ့ရက်/အချိန်** - ၂၆-၉-၂၀၂၆ ရက်မှ ၉-၁၀-၂၀၂၆ထိ ၁၀၀၀နာရီမှ ၁၆၀၀ နာရီအထိ
၃။ **တင်ဒါလျှောက်လွှာပိတ်မည့် ရက်/အချိန်** - ၉-၁၀-၂၀၂၆ ရက်၊ ၁၆၀၀ နာရီ
၄။ **လျှောက်လွှာရောင်းချမည့် နေရာ** - မန္တလေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန
၅။ **စာအိတ်(A)နှင့်(B)နောက်ဆုံး တင်သွင်းရမည့်ရက်** - ၁၁ - ၁၀ -၂၀၂၆
၆။ **အိတ်ဖွင့်တင်ဒါဖွင့်ပွဲကျင်းပမည့် နေ့ရက်/အချိန်** - ပြန်လည်ဆက်သွယ်အကြောင်းကြားပါမည်။
၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် (၀၂ - ၄၀၃၆၉၁၆၊ ၀၉-၄၃၀၃၅၀၅၅) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

---

## ကြော်ငြာစာ (အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃) အမရပူရခရိုင်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၅၉

ကွယ်လွန်သူ ဦးအုန်းမောင်၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မကျီးကိုင်းကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးအုန်းမောင်၏ ကျန်ရစ်သော မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ မကျီးကိုင်း ကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၇၇/မကျီးကိုင်း)၊ ဦးပိုင်အမှတ်(၃၄)၊ ဧရိယာ(၁.၁၇)ဧကရှိ ယာမြေ၊ အမရပူရမြို့နယ်၊ မကျီးကိုင်း ကျေးရွာအုပ်စု၊ အကွက်အမှတ်(၅၇၇)၊ ဦးပိုင်အမှတ်(၃၃/၈)၊ ဧရိယာ(၂.၀၃) ဧကရှိလယ်မြေ၊ အမရပူရမြို့နယ်၊ မကျီးကိုင်းကျေးရွာအုပ်စု၊ အကွက်အမှတ် (၅၇၇-က၊ မကျီးကိုင်းတောင်)၊ ဦးပိုင်အမှတ်(၂၃)၊ ဧရိယာ (၈.၂၁)ဧက လယ်မြေ တို့အပေါ်၌ အမွေထိန်းလက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်မြင့်မြင့်ကြိုင် က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးအုန်း မောင် ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင်၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်)ဆိုခဲ့သော ၂၀ ၂၆ ခုနှစ်၊ အောက်တိုဘာလ ၉ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်း လဆုတ် ၁၃ ရက်) ၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ် ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့် အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်မြင့်မြင့်ကြိုင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှု အကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကျော်သန်းစိန်)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/56418, Kenbo-110 , M/C ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ဆွေလှိုင် ၉/မတရ(နိုင်) ၁၉၄၅၉၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

---

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/2465 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထား လာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေ ရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

---

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ အ.ထ.က နမ့်တောကျောင်း G-11 မှ မမေဆုအောင် ၏ မွေးသက္ကရာဇ် အမှန်မှာ ၁၅-၁၂-၂၀၁၀ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဟုမ္မလင်းမြို့နယ်၊ အ.ထ.က နမ့်တောကျောင်း G-12 မှ မောင်ကျော်နိုင်လင်း ၏ မွေးသက္ကရာဇ် အမှန်မှာ ၂-၄-၂၀၀၇ ဖြစ်ပါကြောင်း။

---

## ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ် (၇/ပဒေသာ)၊ ဦးပိုင်အမှတ် (၁၈၃)၊ မြေဧရိယာ(၀. ၁၁၀)ဧကရှိ မြေကွက်အား အမည်ပြောင်းမြေငှား ဂရန်လျှောက်ထားနိုင်ရေး ဒေါ်နှင်းရတီအောင် မှ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ် ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

---

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ- ၂၀) ချမ်းမြသာစည်မြို့နယ်တရားရုံးတော် ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၅၁

| | | |
|---|---|---|
| ဒေါ်ခေါင်လူဆိုင် | နှင့် | ဦးအုံးဖေမြင့် |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(စ-၂/၂၀)၊ မြို့သစ်(၂)ရပ်ကွက် နေ ဦးအုံးဖေမြင့်(ဘ)ဦးမောင်ကို ( ယခု နေရပ်လိပ်စာမသိ ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ခေါင်လူဆိုင်က မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဘဘ-၂)၊ ဦးပိုင်အမှတ်(၁၃)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြော ဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်ရုံး အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ၉ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆို ချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေ သည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင် သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက် က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ( ၂၅ )ရက် ဤ ရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**မြို့နယ်တရားသူကြီး**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

---

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ၅၈ လမ်း၊ ၂၀x၂၁ လမ်းကြား၊ မင်းမြန်မာကိုယ်ပိုင် ကျောင်း၊ Grade-4 (Tulip)တန်း တွင် ပညာသင်ကြား နေသော စိုင်းကောင်းထက်သာ၏ ဖခင်အမည် မှန်မှာ ဦးအောင်သာထက် ဖြစ်ပါ ကြောင်း။ **ဦးအောင်သာထက် (၉/အမဇ(နိုင်)၁၀၉၀၄၄)**

## အမည်မှန်

တောင်သာမြို့၊ အောင်သာ ကျေးရွာနေ ဦးကံဆင့်၏သား ဦးဟန်ဝင်းအောင်၏ အမည်မှန် မှာ ဦးဟံဝင်းအောင် ၉/ တသန (နိုင်) ၁၀၃၂၄၂ ဖြစ်ပါကြောင်း။

**ဦးဟံဝင်းအောင်**
**၉/တသန(နိုင်)၁၀၃၂၄၂**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

